ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၂၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၆၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေလင်ပန်းစက်မှုမြို့တွင်ကျောင်းဆောင်သစ်များဖွင့်လှစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့် ပဒေသာပင်မြို့တော်ရှိ တည်ဆောက်ပြီးလုံးချင်းအိမ်ရာများစစ်ဆေး

ရန်ကုန် ဇွန် ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၂၀) အခြေခံပညာမူလတန်းကျောင်း၊ ရွှေလင်ပန်းစက်မှုမြို့ မူလတန်းကြိုကျောင်း၊ အမှတ်(၆)အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်းများ၏ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ ကျောင်းအသီးသီး၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲတက်ရောက်

အဆိုပါ အခမ်းအနားများသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ကျောင်းဆောင်သစ် ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ လှိုင်သာယာမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပဒေသာပင်မြို့တော် လုံးချင်းအိမ်ရာများ

လှိုင်သာယာမြို့နယ်ရှိ ပဒေသာပင်မြို့တော် (FMI City) ၌ FMI Garden Development Ltd. က တာဝန်ယူ တည်ဆောက်ပြီးစီးနေသည့် လုံးချင်းအိမ်ရာများကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

20-6 (01).p65 1 03/24/1905, 3:36 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး စေတနာရှေ့ထား ဝီရိယအားစိုက်ထုတ် ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်တို့ကို အချိတ်အဆက်မိမိ အကောင်အထည် ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေသအသီးသီး ဖွံ့ဖြိုးရေး၊ ဒေသအသီးသီး စီးပွားရေးတောင့်တင်းခိုင်မာရေးအတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးအထောက်အကူပြုသကဲ့သို့ ဒေသခံပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း ညီညီညွတ်ညွတ်ပူးပေါင်း၍ အားထုတ်လုပ်ကိုင်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စစ်ကိုင်းတိုင်းသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဇွန်လ ၁၂ ရက်နေ့က ပုလဲနှင့် ဘုတလင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ မြို့နယ်များ၏ တင်ပြချက်များအရ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘုတလင်မြို့ မြဝတီခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ အမှာစကားပြောကြားရာတွင်–

“နိုင်ငံတော်သည် ဓနဥစ္စာကြွယ်ဝချမ်းသာမှု မရှိသော်လည်း စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးထားသည့် ရင်းနှီးမှုပမာဏမှာ များပြားလှကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက် လိုအပ်သည့်အခြေခံများကို ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ အလားတူ အခြားပြည်နယ်၊ တိုင်းများ၌လည်း လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်၍ ဖွံ့ဖြိုးတိုးတက်မှုအခြေခံများကို တည်ဆောက်ပေးလျက်ရှိကြောင်း”

ဆွေးနွေးမှာကြားခဲ့သည်။

မိမိမြို့နယ်၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအားဖြင့် ဒေသခံပြည်သူများကလည်း ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော်သွားကြရမည် ဖြစ်သည်။

ပုလဲမြို့နယ်နှင့် ဘုတလင်မြို့နယ်တို့၏ စပါးစိုက်ပျိုးထုတ်လုပ်မှုအရ ဒေသဝမ်းစာဖူလုံမှု အခြေ အနေမှာ အားနည်းနေဆဲဖြစ်၍ ဆန်စပါးတိုးတက်ထုတ်လုပ်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်း လုပ်ကိုင်သွားကြရမည် ဖြစ်သည်။

ဒေသဝမ်းစာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး စသည့် ဒေသအကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရာ၌ သူ့တာဝန်၊ ကိုယ့်တာဝန်၊ သူ့ဌာန၊ ကိုယ့်ဌာနဟူ၍ ကန့်သတ်ခွဲခြားနေ၍မဖြစ်ဘဲ ဖွဲ့စည်းတာဝန်ပေးထားသည့် ကော်မတီများအလိုက် စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းလုပ်ကိုင်မှုတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှ ခရိုင်အလိုက် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ခရိုင်အလိုက် ဖွံ့ဖြိုးတိုးတက်မှုလည်း ပြည်နယ်၊ တိုင်းများ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ နိုင်ငံတော်အပိုင်းက စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ပေးထားသော အခြေခံကောင်းများကို အပြည့်အဝ ထိထိရောက်ရောက်အသုံးချပြီး ပိုမိုတိုးတက်ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးစေရေး၊ ဖွံ့ဖြိုးမှုအရှိန်အဟုန် မြင့်မားစေရေး ကျရာအခန်းကဏ္ဍမှ တာဝန်သိသိ ဝိုင်းဝန်းပူးပေါင်း အားထုတ်လုပ်ကိုင်ကြရန် လိုပေသည်။

ပြည်ထောင်စုကြီး၏ နယ်မြေဒေသ တစ်ခုနှင့်တစ်ခုအကြား၊ မြို့ပြနှင့် ကျေးလက်ဒေသအကြား၊ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများအကြား ကွာဟမှုများမရှိစေဘဲ မျှမျှတတ ဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေရန် လုပ်ကိုင်နိုင်မှသာ ရေရှည်၌ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စီးပွားရေးဘဝ၊ လူနေမှုဘဝ မြင့်မားသည်ထက်မြင့်မားပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုမိုအထောက်အကူပြုစေမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ရည်ရွယ်ချက်နှင့် သဘောထားကို နားလည်သဘောပေါက်ပြီး တိုင်းရင်းသားပြည်သူအားလုံးက မိမိမြို့နယ်၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့မှတစ်ဆင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာရှေ့ထား၍ ဝီရိယအားစိုက်ထုတ်ပြီး ကြိုးပမ်းလုပ်ကိုင်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၀–၆–၂၀၀၆

(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၈။ ဆရာတော် ဦးဃောသိတ တရားတော် **“သက္ကပညာသုတ်”**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)မြန်မာစာ(ဝိဇ္ဇာ၊ သိပ္ပံ၊ စီးပွားရေးအထူးပြု) (ခ)သူတော်ကောင်းတရားလေးပါး
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၁။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၂။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လက်ကိုင်အိတ်ဒီဇိုင်း အဆန်းနဲ့ အရမ်းကိုလှ”** (အပိုင်း–၁၄)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ လျှပ်တစ်ပြက်
- ၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၈။ ယနေ့ညအတွက် တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အမှန်တရားဘက်ကလှုပ်ရှားတေးသမား”**(အပိုင်း–၁၂)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် စစ်ဆေး

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် ယမန်နေ့ မွန်းလွဲ ၁ နာရီက ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ရောက်ရှိရာ မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်၊ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီး ခမ်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဝန်ကြီးသည် မူးယစ်ပြတိုက်အဝင်တွင် ခင်းကျင်းပြသထားသော Computer ဖြင့် ပြတိုက်လမ်းညွှန်စနစ် ရေးသားပြသထားမှုကို ကြည့်ရှုလေ့လာရာ MACROX Co., Ltd. မှ အုပ်ချုပ်သူ ဒါရိုက်တာ ဦးအောင်စံမြတ်က ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ပြန်လည် ဆွေးနွေးမှာကြားသည်။

ဝန်ကြီးသည် ပြတိုက်မြေညီထပ်အတွင်း တိုးချဲ့ ပြင်ဆင် မွမ်းမံတည်ဆောက်ထားသော ပြခန်းပြကွက်အသစ်များကို ဆက်လက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အသစ်တိုးချဲ့ ပြင်ဆင်မွမ်းမံထားသော ပြခန်းပြကွက်များတွင် ရှေးခေတ်က ဘိန်းပြကွက်၊ အနောက်မှ အရှေ့သို့ ရေကြောင်းခရီးဖြင့် ဘိန်းဝင်ရောက်လာခြင်းပြကွက်၊ ဘိန်းစစ်ပွဲများ ပြကွက်၊ မြန်မာနိုင်ငံသို့ ဘိန်းစိုက်ပျိုးမှု စတင်ရောက်ရှိလာခြင်း ပြကွက်၊ ရွှေတြိဂံဒေသအတွင်း ဘိန်းပျံ့နှံ့စိုက်ပျိုးခြင်းပြကွက်၊ ဘိန်းရှူ၊ ဘိန်းစားအလေ့အထနှင့် ဘိန်းခန်းများ အရှေ့တောင် အာရှသို့ ပျံ့နှံ့လာခြင်းပြကွက်၊ ဘိန်းအခွန်တော် ကောက်ခံမှုပြကွက်နှင့် မူးယစ်ဆေးသုံးလူညွှန့်တုံး စသည့် ပြခန်းပြကွက်များ ပါဝင်သည်။

ဆက်လက်၍ ဝန်ကြီးသည် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပမည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီက ချီးမြှင့်သော ဘက်စုံလှုပ်ရှားမှု ထူးချွန်ပထမဆုကို လေးနှစ်ဆက်တိုက် ငါးကြိမ်ဆုရရှိသော တောင်ဥက္ကလာပ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇွန်၁၆ ရက်က ကျင်းပရာ နာယက ဒေါ်ခင်လေးမြင့်က ဂုဏ်ပြုငွေကျပ် ငါးသိန်းကို ဥက္ကဋ္ဌ ဒေါ်သီတာအေးအား ပေးအပ်စဉ်။ (၂၀၀)

✱ ကျောဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သီရိန္ဒ(သထုံဆရာတော်)၊ ညောင်တုန်းမြို့ ရွှေဟသာ်တောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ သင်တန်းဆင်းသံဃာတော်များ ကြွရောက်တော်မူကြပြီး အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် တပည့်ဒါယကာဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရား ကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသထံမှနိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များသည် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ဘွဲ့တံဆိပ်အပ်နှင်း

ထို့နောက်နွေရာသီဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါ ဆရာဖြစ် သင်တန်း သင်တန်းတာဝန်ခံ အကျိုးတော်ဆောင်ချုပ် ဓမ္မာစရိယ၊ ဂဏဝါစက၊ ဓမ္မကထိက ဘဒ္ဒန္တ ပညာသီဟက ဓမ္မာစရိယတန်း ပါရာဇိကဏ်ကျမ်း၌ ပထမဂုဏ်ထူး၊ သီလက္ခန်ကျမ်း၌ တတိယဂုဏ်ထူးနှင့် ဓမ္မသင်္ဂဏီကျမ်း၌ ဒသမဆုရ ပဲခူးမြို့ စိန်ပန်းဓမ္မရိပ်သာ စာသင်တိုက်မှ ဦးဝိလာသနှင့် ဓမ္မာစရိယတန်း ဓမ္မသင်္ဂဏီကျမ်း၌ တတိယဂုဏ်ထူး၊ ပါရာဇိကဏ်ကျမ်း ဆဋ္ဌမဆုနှင့် သီလက္ခန်ကျမ်း၌ ဒသမဆုရ ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် ကျောင်းတိုက်မှ ဦးနန္ဒသာမိတို့အား "ရွှေညဝါသာသနပါလ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို အပ်နှင်းသည်။

ဆက်လက်၍ သင်တန်းတာဝန်ခံ အကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တ ပညာသီဟက နွေရာသီဓမ္မာစရိယနှင့် အဘိဓမ္မာ ရွှေညဝါဆရာဖြစ်သင်တန်း ဓမ္မာစရိယတန်း ပါရာဇိကဏ်ကျမ်း၌ ပထမဆုရ ဦးဝိလာသ၊ ဒုတိယဆုရ မတိက္ခစာရီနှင့် တတိယဆုရ ဦးကောသလ္လတို့အားလည်းကောင်း၊ ဓမ္မာစရိယတန်း ဓမ္မသင်္ဂဏီကျမ်း၌ ပထမဆုရ ဦးပညာသာရ၊ ဒုတိယဆုရ မစရိတာဉာဏီနှင့် တတိယဆုရ ဦးနန္ဒသာမိတို့အားလည်းကောင်း၊ ဓမ္မာစရိယတန်း သီလက္ခန်ကျမ်း၌ ပထမဆုရ ဦးစန္ဒိမာ၊ ဒုတိယဆုရ မခေမာစာရီနှင့် တတိယဆုရ ဦးဝိလာသတို့အားလည်းကောင်း၊ ပထမကြီးတန်း ဘာသာစုံပထမဆုရ ဒေါက်တာသန်းသန်းဦး၊ ဘာသာစုံဒုတိယဆုရ ဦးပညာဝံသနှင့် ဘာသာစုံတတိယဆုရ ရှင်သြဘာသတို့အား လည်းကောင်း၊ ပထမတန်း ပဋ္ဌာန်းကျမ်း၌ ပထမဆုရ ရှင်သြဘာသ၊ ဒုတိယဆုရ ရှင်ထေရာနန္ဒနှင့် တတိယဆုရ ဦးတေဇနိယတို့အားလည်းကောင်း၊ ပထမကြီးတန်း ယမိုက်ကျမ်း၌ ပထမဆုရ ဒေါက်တာသန်းသန်းဦး၊ ဒုတိယဆုရ ဦးတေဇဉာဏနှင့် တတိယဆုရ ဦးဉာဏိန္ဒတို့အား လည်းကောင်း၊ ပထမလတ်တန်း ဘာသာစုံပထမဆုရ ရှင်နန္ဒ၊ ဘာသာစုံဒုတိယဆုရ မတုလဝတီနှင့် ဘာသာစုံတတိယဆုရ ဦးဝံသပါလတို့အားလည်းကောင်း၊ ပထမလတ်တန်း ယမိုက်ကျမ်း၌ ပထမဆုရ ရှင်နန္ဒ၊ ဒုတိယဆုရ ဦးပညာနန္ဒနှင့် တတိယဆုရ ရှင်ကုမာရတို့အားလည်းကောင်း၊ ပထမလတ်တန်း ဓာတုကထာကျမ်း၌ ပထမဆုရ ရှင်ဝံသပါလ၊ ဒုတိယဆုရ ရှင်သုမနနှင့် တတိယဆုရ ဦးပဏ္ဍိတတို့အား လည်းကောင်း အောင်လက်မှတ်နှင့် ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တတိယအကြိမ် နွေရာသီ ဓမ္မာစရိယနှင့် အဘိဓမ္မာ ရွှေညဝါ ဆရာဖြစ်သင်တန်းအတွက် ဦးအာဝါး–ဒေါ်စန်းစန်းမော် မိသားစုက ငွေကျပ် သိန်း ၂၀၊ ကွမ်းရွဲတန်းလမ်း(အရှေ့) ဆွမ်းလောင်းအသင်း မိသားစုက ငွေကျပ် ၁၂သိန်း၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးမှ ဈေးသူဈေးသား မိသားစုက ငွေကျပ် ၁၀ သိန်း၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀ သိန်း၊ ကမာရွတ်မြို့နယ် အမှတ်(၅)ရပ်ကွက် အောင်သုခလမ်း ဓမ္မာရုံဆွမ်းလောင်းအသင်းမိသားစုက ငွေကျပ် ၈၅၀၀၀၀၊ ရုံးကြီးလမ်း၊ တန်ဆောင်းကြီးလမ်း၊ သိမ်ကြီးလမ်းနှင့် ကျောင်းကြီးလမ်း ဓမ္မာရုံ ဆွမ်းလောင်းအသင်း မိသားစုတို့က ငွေကျပ် ရှစ်သိန်း၊ ဦးမြမောင်–ဒေါ်စိန်စိန်မြင့် (မြနှင့်စိန်ကုမ္ပဏီလီမိတက်)မိသားစုက ငွေကျပ် ရှစ်သိန်း၊ ဦးဝင်းတင်–ဒေါ်ပု မိသားစုက ငွေကျပ် ၅၁၀၀၀၀၊ ဦးသန်းဝင်း–ဒေါ်ဟံသာအေး မိသားစု၊ ကိုအောင်နိုင်–မအေးစန္ဒာမိသားစု၊ စကားဝါပင်လမ်း(အောက်)လမ်းသူလမ်းသား မိသားစု၊ ဥယျာဉ်လမ်း (အောက်)မိသားစုနှင့်ကွမ်းရွဲတန်းလမ်း (အနောက်)ဆွမ်းလောင်းအသင်း မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းရီ မိသားစုကငွေကျပ် လေးသိန်း၊ ဦးနိုင်ဦး–ဒေါ်အေးအေးစန်း မိသားစု၊ ကြည့်မြင်တိုင်မြို့နယ် ဘော်ဂါရပ် ဗိုလ်ဥတ္တမလမ်း ဆွမ်းလောင်းအသင်း မိသားစု၊ ဦးနေဝင်းအောင်–ဒေါ်အေးအေးအောင် မိသားစု၊ ဦးကျော်မျိုးဝင်း–မထက်ထက်မော် မိသားစုနှင့် နိဗ္ဗာန်လမ်း(အထက်ပိုင်း)ဆွမ်းလောင်းအသင်း မိသားစုတို့က ငွေကျပ် ၃၅၀၀၀၀ စီ၊ ကိုနေဝင်း–မစန္ဒာ မိသားစု၊ ကြည့်မြင်တိုင်မြို့နယ် ရတနာပုံလမ်း(အောက်) ဆွမ်းလောင်းအသင်း မိသားစု၊ ဦးရွှေလှ–ဒေါ်အေးမြင့် မိသားစု၊ ကြည့်မြင်တိုင်မြို့နယ် ဦးဖိုးထူးလမ်း ဆွမ်းလောင်းအသင်း မိသားစုနှင့် ဦးကြည်လေး–ဒေါ်ရီရီညွန့် မိသားစုတို့က ငွေကျပ် သုံးသိန်းစီ၊ ဦးမျိုးညွန့်–ဒေါ်ငွေရီ မိသားစုက ငွေကျပ် ၂၅၀၀၀၀၊ ဦးအောင်သန်းစိန်–ဒေါ်အေးမြင့်သန်းမိသားစုက ငွေကျပ် ၂၀၀၀၀၀၊ ဦးတင်စိန်–ဒေါ်ချောစု မိသားစုက ငွေကျပ်၂၀၅၀၀၀လှူဒါန်းခဲ့ကြသည့်အလှူရှင်များအား အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

သံဃာတော်များကြည်ညို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နွေရာသီဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါဆရာဖြစ် သင်တန်း၏စာချ၊ စာသင်သံဃာတော်များအား သွားရောက်ကြည်ညိုသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပရာ သင်တန်းတာဝန်ခံ အကျိုးတော်ဆောင်ချုပ် ဓမ္မာစရိယ၊ ဂဏဝါစက၊ ဓမ္မကထိက ဘဒ္ဒန္တပညာသီဟက သမ္မောဒနီယောပကာရကထာ ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒ(သထုံဆရာတော်)က အနုမောဒနာတရား မြွက်ကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

သာစုပရိယတ္တိစာသင်တိုက်ကြီး၏ တတိယအကြိမ်မြောက် နွေရာသီ ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါဆရာဖြစ်သင်တန်း သင်တန်းသားများအတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စာအုပ်ဒါဇင်၁၅၉၀နှင့် ခဲတံဒါဇင်၈၀၀ကြိုတင်ပေးပို့လှူဒါန်းပြီးကြောင်း သိရှိရသည်။

တက်ရောက်ခဲ့

အဆိုပါ နွေရာသီဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါဆရာဖြစ်သင်တန်းကို ၂၀၀၄ခုနှစ် ဧပြီ၂၂ရက်မှ ဇွန်၁၉ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ဓမ္မာစရိယသင်တန်း၊ ပထမကြီးသင်တန်း၊ ပထမလတ်သင်တန်းများသို့ သင်တန်းသားသံဃာတော်၊ သာမဏေ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်၁၅၀၀တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

အစဉ်သီးနေမည့် မီဒီယာအပင်

✾ ရှမ်းပြည်နယ်မြောက်ပိုင်း
အရှေ့မြောက်တိုင်းဒေသတွင်၊
ယနေ့လျှင်ပေါ်ကာထွက်
ပြည်သူ့အတွက် မီဒီယာအပင်။

✾ မီဒီယာအပင်ကြီး
အသီးကချိုမြိန်စွာ
ပြည့်ဝပါအာဟာရ၊
ဒေသမှာ နေသူများတွက်
ဝေမျှကာ အတူစားနိုင်ဖို့
အားသစ်ကာ ခိုင်ခိုင်ဖြိုး
သီးလိမ့်ထာဝရ။ ။

(ယနေ့ဖွင့်လှစ်သည့် လားရှိုးကိုယ်ပွားသတင်းစာတိုက်ကို ရည်ညွှန်းလျက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သံဖြူဇရပ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး ဒေသဝမ်းစာဖူလုံရေး၊ နွေစပါးနှင့်မိုးစပါးတိုးချဲ့စိုက်ပျိုးရေးမှာကြား

ရန်ကုန် ဇွန် ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းလင်း၊ မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၆ ရက် မွန်းလွဲပိုင်းတွင် သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဆိုပါရုံးခန်းမ၌ သံဖြူဇရပ်မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ဒေသဝမ်းစာဖူလုံရေးအတွက် နွေစပါးနှင့် မိုးစပါးကို တိုးချဲ့စိုက်ပျိုးရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများပူးပေါင်း၍ နှစ်တိုရည်မှန်းချက်ထားပြီး မြို့နယ်အတွင်း ဖူလုံပြည့်ဝအောင်အစွမ်းကုန်ဆောင်ရွက်ရေး၊စက်မှုကုန်ကြမ်းဖြစ်သည့် ရော်ဘာကိုလည်း ပိုမိုစိုက်ပျိုး ထုတ်လုပ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကျိုက္ခမီအထက

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မွန်းလွဲ ၂နာရီတွင် ကျိုက္ခမီမြို့အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကျောင်းအတွင်းရှိ Multi Media Class Room များ၌ ကျောင်းသားကျောင်းသူကလေးများ၏ သင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ကျောင်း၏ ပညာသင်ကြားရေးဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းမှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျိုက္ခမီ တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြရာ တိုက်နယ်ဆေးရုံ ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးပြီး ဆေးရုံအတွင်း ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဆေးရုံခန်းမ၌ တိုက်နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေး ဝန်ထမ်းများအား တွေ့ဆုံ၍ ဆေးရုံအတွင်းအပြင် သန့်ရှင်းသပ်ရပ်သာယာလှပရေး၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်ကုသမှု လုပ်ငန်းများတွင် စေတနာ ထက်သန်စွာဖြင့် အစဉ်ကြိုးပမ်းဆောင်ရွက်ရေး၊ ဆေးရုံအဆောက်အအုံများကို ပြုပြင်မွမ်းမံ ထိန်းသိမ်းစောင့်ရှောက်သွားရေးနှင့် ဆေးရုံအတွက် လိုအပ်လျက်ရှိသော ဓာတ်ခွဲခန်း ရရှိရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဂျပန်တပ်ဖွဲ့ဝင်များ အီရတ်သို့ စေလွှတ်မှု ဆန့်ကျင်ကန့်ကွက်၍ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဆန္ဒပြနေသူများကို ဇွန် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ လုံခြုံရေးအခြေအနေတည်ငြိမ်ကောင်းမွန်နေမှသာ ကုလသမဂ္ဂအမှုထမ်းများ အီရတ်တွင် အမြဲရှိနိုင်မည်

ကုလသမဂ္ဂ ဇွန် ၁၈

အီရတ်နိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ပြန်လည်တည်ဆောက်ရေးကို အကူအညီပေးရန်အတွက် အီရတ်နိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့၏အဆင့်မြင့်အမှုထမ်းများ အမြဲရှိရေးမှာ အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုများ အလွန်များပြားနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

ဇွန်လကုန်၌ ကြားဖြတ်အစိုးရသို့ အသွင်ကူးပြောင်းရန်နှင့် နောက်ပိုင်း၌ ရွေးကောက်ပွဲများကျင်းပရန်အတွက် ပြင်ဆင်ရာတွင် ကုလသမဂ္ဂက ဦးဆောင်ဦးရွက်ပြုခွင့်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြီးခဲ့သည့်အပတ်၌ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်တွင် ပေးခဲ့သည်။

ပြောကြား

သို့ရာတွင် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်သည် အီရတ်၌ လုံခြုံရေးအခြေအနေတည်ငြိမ်ကောင်းမွန်နေမှသာ ကုလသမဂ္ဂအဖွဲ့အစည်း အီရတ်၌ အမြဲတမ်းရှိမည်ဖြစ်သည်ဟု ပြောကြားထားကြောင်း ကိုဖီအာနန်က စွဲစွဲမြဲမြဲပြောဆိုသည်။ ယနေ့အချိန်အခါ၌ အခြေအနေမပေးသေးကြောင်း တောင်အမေရိကခရီးစဉ်မှ ပြန်ရောက်ခဲ့ပြီးနောက် ကုလသမဂ္ဂဌာနချုပ်သို့ ပြန်ရောက်ရာတွင် သတင်းထောက်များအား ကိုဖီအာနန်က ထိုသို့ပြောကြားသည်။

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေသည် တစ်စတစ်စ ပိုဆိုးလာလျက်ရှိရာ မိမိအား စိတ်ပူပန်မှုဖြစ်စေကြောင်း မစ္စတာအာနန်က ပြောကြားသည်။ မိမိတို့သည် အခြေအနေကိုအသေအချာဂရုစိုက်စောင့်ကြည့်နေကြောင်း၊ သို့ရာတွင် ကုလသမဂ္ဂပြန်လာရေးသာမက အီရတ်ပြည်သူများအတွက် ပြန်လည်တည်ဆောက်ရေးအတွက် အီရတ်တည်ငြိမ်ရေးအတွက် ပတ်ဝန်းကျင်လုံခြုံမှုရှိစေရန် အရာရာကိုလုပ်ဆောင်ဖို့ မိမိတိုက်တွန်းလိုကြောင်း ကိုဖီအာနန်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

တူရကီယာဉ်မောင်းနှင့် အီဂျစ်လူမျိုးတစ်ဦးတို့ ဓားစာခံအဖြစ်မှ ပြန်လည်လွတ်မြောက်လာ

အစ္စတန်ဘူလ် ဇွန် ၁၈

မသက်မှဖွယ် အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများသည် ယခုလအစောပိုင်း၌ ဓားစာခံအဖြစ် ၎င်းတို့ဖမ်းထားခဲ့သော တူရကီထရပ်ကားမောင်းသူတစ်ဦးနှင့် အီဂျစ်လူမျိုးတစ်ဦးကို ကြာသပတေးနေ့က ပြန်လွှတ်ပေးလိုက်သည်။

တူရကီ ထရပ်ကားယာဉ်မောင်း ဘူလင့်ယာနစ်သည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များထံ ပို့ရန်ပစ္စည်းများကို ကူဝိတ်မှသယ်လာစဉ် ဇွန်လဆန်း၌ ဖော်လူဂျာမြို့တွင် ဓားစာခံအဖြစ် ခေါ်ဆောင်သွားခြင်းခံခဲ့ရသည်။ လွှတ်ပေးလိုက်သော အီဂျစ်လူမျိုးမှာ ဗစ်တာ တော်ဖစ်ဆိုသူဖြစ်သည်ဟု အီဂျစ်သတင်းဌာန မီနာက ဖော်ပြသည်။

ယာနစ်ကို ပြီးခဲ့သည့်သီတင်းပတ်ကုန်၌ လွှတ်ပေးခဲ့ကြောင်း တူရကီသံတမန်များက ပြောဆိုသော်လည်း ကြာသပတေးနေ့၌ လွှတ်ပေးလိုက်ကြောင်းကို နိုင်ငံခြားဌာန ပြောခွင့်ရှိသူက အတည်ပြုနိုင်ခြင်းမရှိပေ။

အမ်အင်အေ၊ရိုက်တာ

စစ်ပွဲကြောင့် အီရတ်ဆေးဘက်ဆိုင်ရာ သင်ကြားရေးလုပ်ငန်းများ ဖျက်ဆီးခြင်းခံခဲ့ရ

ဘဂ္ဂဒက် ဇွန် ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ယခုကာလ၌ ဆရာဝန်များအား ပြန်ပေးဆွဲခေါ်ဆောင် ခြိမ်းခြောက်ခြင်း၊ ဆက်ကြေးတောင်းကာ ပြန်လွှတ်ပေးခြင်းများ ဖြစ်ပွားလျက်ရှိသည်။ သို့ရာတွင် ဒေါက်တာအဗ္ဗဒူလ်ကဇာသည် ဘဂ္ဂဒက်မှမစွန့်ခွာဘဲ သူ့အလုပ် သူဆက်လုပ်မည်ဟု ပြောကြားခဲ့သည်။

ဖျက်ဆီးခြင်းခံရ

ယခုဖြစ်ရပ်သည်လည်း ပြိုလုနီးပါး အီရတ်ဆေးဝါးကုသရေးစနစ်သည် နိုင်ငံအား နှစ်ပေါင်းများစွာ အရေးယူပိတ်ဆို့ခြင်းဒဏ်ကိုသာမက ယခု အီရတ်စစ်ပွဲဒဏ်ကိုပါ ခံစားခဲ့ရခြင်းဖြစ်သည်။ စစ်ပွဲကြောင့် နိုင်ငံ၏ ဆေးဘက်ဆိုင်ရာသင်ကြားရေးလုပ်ငန်းတစ်ခုလုံး ဖျက်ဆီးခြင်းခံခဲ့ရသည်။

ယခုတစ်ဖန် ဆရာဝန်များအား ပြန်ပေးဆွဲမှုများသည် ပညာတတ်လူတန်းစားများ အီရတ်နိုင်ငံမှ ထွက်ခွာသွားစေရန် ရည်ရွယ်ပြုလုပ်သည့် အဖျက်အမှောင့် လုပ်ရပ်ဖြစ်သည်။ အချို့ဆေးဘက်ဆိုင်ရာ အကြီးအကဲများသည် အစောင့်အရှောက်နှစ်ဦး သုံးဦးနှင့်အတူ အလုပ်လုပ်နေကြရသည်။

လုံခြုံရေးမပေးနိုင်

ထို့ကြောင့် အီရတ်ဆေးဖက်ဆိုင်ရာ အသိုင်းအဝိုင်းအနေဖြင့် ၎င်းတို့အား ကာကွယ်စောင့်ရှောက်မှု ပိုပေးရန် လိုလားလျက်ရှိသော်လည်း အီရတ်လုံခြုံရေးတပ်ဖွဲ့များက လုံခြုံရေးပေးနိုင်လောက်အောင် မရှိဘဲဖြစ်နေသည်။

(စီအင်န်အင်န်)

မလေးရှားတွင် ရာဇဝတ်မှုများ ပိုမိုထိန်းချုပ်မည်

ကွာလာလမ်ပူ ဇွန် ၁၇

ခိုးမှု၊ လုယက်မှုများအပါအဝင် ရာဇဝတ်မှုများကို ထိန်းချုပ်ရန် ပိုမိုထိရောက်စွာဆောင်ရွက်မည့် မလေးရှားနိုင်ငံသားများအတွက် ဥပဒေတစ်ရပ် ထုတ်ပြန်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အဗ္ဗဒူလာအာမက်ဘာဒါဝီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ရာဇဝတ်မှုများ ထိန်းချုပ်ရေးရဲတပ်ဖွဲ့ဝင်များသို့ လိုအပ်သောအကူအညီများ တိုးချဲ့ပေးရန် တိကျသော အမိန့်ဒီကရီများချမှတ်နိုင်ရန် တရားရေးဆိုင်ရာ အထောက်အပံ့များ မည်ကဲ့သို့ ဖြည့်ဆည်းပေးရမည်ကို မိမိစုံစမ်းနေကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

သေဆုံး

မလေးရှားနိုင်ငံ ဒေသအချို့၌ လုယက်တိုက်ခိုက်မှုကြောင့် မကြာသေးမီက အမျိုးသမီးအချို့ သေဆုံးခဲ့ကြရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကုန်ပစ္စည်းတင်ပို့မှု ဗီယက်နမ်တိုးမြှင့်မည်

ဟနွိုင်း ဇွန် ၁၇

ဗီယက်နမ်နိုင်ငံသည် တင်ပို့မှုပမာဏကြီးမားပြီး တင်ပို့မှုနှုန်းမြင့်မားသော ကုန်ပစ္စည်းများအပေါ် အဓိကထားလျက် ယခုနှစ်၏ နောက်ခြောက်လတွင် ယင်း၏ကုန်ပစ္စည်းတင်ပို့မှုကို တိုးမြှင့်သွားမည် ဖြစ်သည်။

တိုးမြှင့်တင်ပို့မည့် ပစ္စည်းများတွင် ပင်လယ်ထွက်အစားအစာ၊ အထည်အလိပ်၊ အဝတ်အထည်၊ ဖိနပ်သစ်သားထည်ပစ္စည်း၊ စက်ဘီး၊ မီးကြိုးနှင့် ကေဘယ်လ်ကြိုးများဖြစ်ပြီး အဓိကတင်ပို့မည့်နိုင်ငံများမှာ ဥရောပသမဂ္ဂ၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ချက်အရ သိရသည်။

တင်ပို့မည်

ယခုနှစ်တွင် ဗီယက်နမ်သည် ဒေါ်လာ ၂၃ ဒသမ ၄ ဘီလီယံ တင်ပို့နိုင်မည်ဖြစ်ကြောင်း ဒေသကျွမ်းကျင်သူများက ပြောသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံး ပေါက်ကွဲထိမှန်သဖြင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးအနီး လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အေပက်ခရီးသွားကတ်အစီအစဉ် ဗီဇာမလိုဘဲ စင်ကာပူတွင် ရက် ၆၀ နေနိုင်

စင်ကာပူ ဇွန် ၁၈

စင်ကာပူနိုင်ငံသည် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်) ခရီးသွားကတ်အစီအစဉ်(အေဘီတီစီ)တွင် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ခရီးသွားများသည် ယင်းကတ်ကို လူဝင်မှုကြီးကြပ်ရေး ပို့ဆောင်ရေးလမ်းကြောင်းများကို အသုံးပြုခွင့်ပေးမည်ဖြစ်သည်။ အေပက်စီးပွားရေးအဖွဲ့ဝင်များအကြား ခရီးသွားလာမှု ပိုမိုအဆင်ပြေလာမည် ဖြစ်သည်။

ယင်းကြေညာချက်ကို ခရီးသွားလာမှုဆိုင်ရာ အေပက်ကျွမ်းကျင်သူများအဖွဲ့က ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အေဘီတီစီကိုင်ဆောင်ထားသော ခရီးသွားများသည် စင်ကာပူနိုင်ငံတွင် ဗီဇာမလိုဘဲ အနည်းဆုံး ရက် ၆၀ နေထိုင်ခွင့်ရရှိမည် ဖြစ်သည်။

ယင်းခရီးသွားကတ်အစီအစဉ်တွင် ပါဝင်သော အခြားအေပက်စီးပွားရေးပူးပေါင်းဆောင်ရွက်သည့် ၁၅ နိုင်ငံအတွင်း တရုတ်၊ ချီလီ၊ ဩစတြေးလျ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် နယူးဇီလန်နိုင်ငံတို့ ပါဝင်ဆောင်ရွက်မည်ဟု သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကန်တပ်ဖွဲ့ဝင်များအား နိုင်ငံတကာတရားရုံးက တရားစွဲဆိုစစ်ဆေးခြင်းမှ ကင်းလွတ်ခွင့်မပြုရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်းပြောကြား

ကုလသမဂ္ဂ ဇွန် ၁၈

ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းတွင် ဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို နိုင်ငံတကာဆိုင်ရာ ရာဇဝတ်မှုတရားရုံး(အိုင်စီစီ)က တရားစွဲဆိုစစ်ဆေးခြင်းမှကင်းလွတ်ခွင့် မပြုရန် လုံခြုံရေးကောင်စီအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကြာသပတေးနေ့တွင် တိုက်တွန်းလိုက်သည်။

လွန်ခဲ့သည့်နှစ်ပတ်တွင် ကင်းလွတ်ခွင့်ပေးခြင်းကို မိမိအပြင်းအထန်ကန့်ကွက်ကြောင်း ပြောဆိုခဲ့ပြီးဖြစ်ကြောင်း၊ ကုလသမဂ္ဂဌာနချုပ်သို့ရောက်ရှိလာရာတွင် မစ္စတာအာနန်က သတင်းထောက်များကို ပြောကြားသည်။ အီရတ်တွင် အကျဉ်းသားများအား မတရားနှိပ်စက်မှုကို နိုင်ငံတကာတရားရုံးစစ်ဆေးခြင်းမှ ကင်းလွတ်ခွင့်ပေးဖို့ ဖိအားပေးရန်မှာမသင့်ဟု မိမိထင်မြင်ယူဆကြောင်း ကိုဖီအာနန်က ပြောကြားသည်။

မပေးသင့်

အမေရိကန်စစ်ဘက်ဆိုင်ရာသည် အမေရိကန်လူထုဆက်သွယ်ရေးက ဖော်ထုတ်သဖြင့် ပေါ်ထွက်လာသော အကျဉ်းသားနှိပ်စက်မှု အရှုပ်အထွေးကို စတင်စုံစမ်းစစ်ဆေးခဲ့ရာ ဤသို့သော အခြေအနေတွင် ကင်းလွတ်ခွင့်အတွက် ဖိအားပေးရန်မှာ မသင့်ကြောင်း၊ ထို့ပြင် လုံခြုံရေးကောင်စီအနေဖြင့်လည်း ကင်းလွတ်ခွင့်ပေးရန် ပို၍မသင့် ကြောင်း အာနန်ကပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် ဇူလိုင် ၁ရက်မတိုင်မီ ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုပေးရန် လုံခြုံရေး ကောင်စီအား တွန်းအားပေးခဲ့သည်။ ယင်းဆုံးဖြတ်ချက်သည် အမေရိကန် ငြိမ်းချမ်းရေးထိန်းသိမ်းသူများကို ပြစ်ဒဏ်ခတ်ခြင်းမှ ကင်းလွတ်ခွင့်ပေးရေးကို အသစ်ပြန်လည်တင်ပြမည့် ဆုံးဖြတ်ချက်ဖြစ်သည်။

ရုပ်သိမ်းခဲ့

သို့ရာတွင် လုံခြုံရေးကောင်စီဝင်အများက အပြင်းအထန်ကန့်ကွက်ခဲ့ကြသဖြင့် ယင်းဆုံးဖြတ်ချက်မူကြမ်းကို ယခုလ အစောပိုင်း၌ ရုပ်သိမ်းခဲ့သည်။ လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများကို အမေရိကန်ပြည်ထောင်စုက ဗီတိုအာဏာသုံးပြီး ပယ်ချမည်ဟု ခြိမ်းခြောက်ခဲ့သဖြင့် ၂၀၀၂ခုနှစ်ဇူလိုင်၌ ဆုံးဖြတ်ချက်အမှတ်၁၄၂၂ကိုပြဋ္ဌာန်းကာ အမေရိကန်ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များကို ပြစ်ဒဏ်မှကင်းလွတ်ခွင့်ပထမပေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့တွင် အီရတ်ပြည်သူတို့ လွတ်မြောက်ရေးအတွက် ပိုစတာကိုင်ကာ ဆန္ဒပြနေသော အီရတ်အမျိုးသမီးတစ်ဦးကို ဇွန် ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်ဓားစာခံတစ်ဦး ပြန်လည်လွတ်မြောက်လာ

ဘေရွတ် ဇွန် ၁၈

အီရတ်တွင်ဓားစာခံအဖြစ်ဖမ်းဆီးခြင်းခံထားရသော လက်ဘနွန်တစ်ဦး ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း လက်ဘနွန်အစိုးရ သတင်းရပ်ကွက်တစ်ခုကဗုဒ္ဓဟူးနေ့တွင်ပြောကြားသည်။

အဆိုပါ ပြန်လည်လွတ်မြောက်လာသော ဓားစာခံတစ်ဦးဖြစ်သည့် လက်ဘနွန်နိုင်ငံသား ဟာဘစ်ဆာမိရာသည် ကျန်းမာရေးကောင်းမွန်ကြောင်း ဘဂ္ဂဒက်ရှိ လက်ဘနွန်သံတမန်အဖွဲ့က အတည်ပြုပြောကြားကြောင်းယင်းသတင်းတွင်ဖော်ပြသည်။

အယ်အာရေးဗျ ရုပ်မြင်သံကြားသတင်းဌာနကလည်း ယင်းဟာဘစ်ဆာမိရာပြန်လည် လွတ်မြောက်လာမှုနှင့်ပတ်သက်၍ထုတ်လွှင့်ပြသခဲ့သည်။

လက်ဘနွန်သတင်းဌာနကလည်း အဆိုပါဓားစာခံပြန်လည်လွတ်မြောက်လာကြောင်းပြောဆိုသော်လည်း မည်သို့မည်ပုံ လွတ်မြောက်ခဲ့သည်ကို ပြောဆိုခြင်းမပြုပေ။ **အမ်အင်အေ၊ ရိုက်တာ**

ဒဏ်ရာရရှိနေသော အီရတ်တစ်ဦးအား ကန်တပ်ဖွဲ့ဝင်တစ်ဦးက အသေပစ်သတ်ခဲ့

ဝါရှင်တန် ဇွန် ၁၈

အီရတ်နိုင်ငံတွင် အမေရိကန် တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့်မော်တော်ယာဉ်တစ်စီးအတွင်း၌ ဒဏ်ရာရရှိနေသော အီရတ်တစ်ဦးကို အသေပစ်သတ်ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား လူသတ်မှုဖြင့် တရားစွဲဆိုစစ်ဆေးနေပြီဖြစ်ကြောင်း အမေရိကန်အရာရှိများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

စစ်ဆေး

အီရတ်နိုင်ငံတောင်ပိုင်း ကူဖာမြို့တွင် မေ ၂၁ရက်က ဖြစ်ပွားသော အဆိုပါ အသေပစ်သတ်မှုကို အမေရိကန်စစ်ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးဌာနက စုံစမ်းစစ်ဆေးခဲ့ပြီးနောက် ယခုကဲ့သို့ ထိုအမေရိကန်တပ်ဖွဲ့ဝင်အား တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

ပစ်ခတ်မှု

အီရတ်တစ်ဦးမောင်းနှင်လာသော မော်တော်ယာဉ်တန်းတစ်ခု ဖြတ်သန်းသွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ယာဉ်များဖြင့် အရှိန်ပြင်းစွာနောက်မှလိုက်ရာမှ အဆိုပါပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း အမေရိကန်ဗဟိုစစ်ဌာနချုပ်က ဇွန်၄ရက်နေ့၌ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

ဖမ်းဆီး

ဘဂ္ဂဒက်မြို့အနောက်ဘက်တွင် သံသယရှိသော အီရတ်တစ်ဦးအား ဖမ်းဆီးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းသည့် ဓာတ်ပုံများ ဗြိတိသျှကာကွယ်ရေး ဝန်ကြီးဌာနထုတ်ပြန်မည်

လန်ဒန် ဇွန် ၁၇

ဗြိတိသျှတပ်ဖွဲ့ဝင်များကို တရားစွဲဆိုနိုင်သော အီရတ်အကျဉ်းသားများအား မတရားနှိပ်စက်သည့်ဓာတ်ပုံများကို ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနက လူသိရှင်ကြား ထုတ်ပြန်ဖွယ်ရှိကြောင်း ဗြိတိသျှ အင်ဒီပင်းဒင့်သတင်းစာက ဗုဒ္ဓဟူးနေ့၌ ရေးသားဖော်ပြလိုက်သည်။

ယင်းဓာတ်ပုံများကို ထုတ်ပြန်ရန် ဝန်ကြီးဌာနက စဉ်းစားနေကြောင်း သတင်းစာက ရေးသားသည်။ ယင်းဓာတ်ပုံများသည် ဗြိတိသျှ တပ်ဖွဲ့ဝင်များကို တရားစွဲဆိုရန်အတွက် ဓာတ်ပုံအထောက်အထားများ ဖြစ်လာသည်ဟု ဆိုသည်။

ဆုံးဖြတ်

အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်မှုအတွက် အဆိုပါ ဗြိတိသျှ တပ်ဖွဲ့ဝင်လေးဦးကို စစ်ခုံရုံးတင်စစ်ဆေးရန် ဗြိတိသျှစစ်ဘက်ဆိုင်ရာ တရားစွဲဆိုရေး အာဏာပိုင်အဖွဲ့က ဆုံးဖြတ်ကြောင်း ဗြိတိသျှရှေ့နေချုပ် လော့ဒ်ဂိုးလ်စမစ်က တနင်္လာနေ့၌ ပြောကြားသည်။ တရားစွဲဆိုချက်များတွင်တိုက်ခိုက်မှု၊ မတော်တရော်လုပ်မှု၊ စစ်စည်းကမ်းကို ထိခိုက်စေမှုတို့ ပါဝင်ကြောင်း ဂိုးလ်စမစ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နျူကလီးယားစွမ်းအင်ဆိုင်ရာ အပြစ်တင်ထားသော ဆုံးဖြတ်ချက်မူကြမ်း အတည်ပြုလျှင် အီရန်က ယူရေနီယံ ထုတ်လုပ်မှုကို ပြန်လည်စတင်မည်ဟုဆို

တီဟီရန် ဇွန် ၁၇

ကုလသမဂ္ဂစစ်ဆေးသူများနှင့် လုံလောက်သောပူးပေါင်းဆောင်ရွက်မှုမရှိသည့်အတွက် အီရန်နိုင်ငံကို အပြစ်တင်ထားသော ဆုံးဖြတ်ချက်မူကြမ်းအတည်ဖြစ်လျှင် အီရန်နိုင်ငံက ယူရေနီယံကြွယ်ဝမှုကို ပြန်လည်စတင်ရန်ရှိကြောင်း အီရန် သမ္မတ မိုဟာမက်ခါတာမီက ဗုဒ္ဓဟူးနေ့တွင် နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)သို့သတိပေးပြောကြားလိုက်သည်။

ပြောကြား

ယင်းဆုံးဖြတ်ချက် မူကြမ်းအရဆိုလျှင် အီရန်နိုင်ငံသည် ယူရေနီယံထုတ်လုပ်မှုရပ်ဆိုင်းရန် ကတိပေးနိုင်လိမ့်မည်မဟုတ်ကြောင်း ခါတာမီက ဝန်ကြီးအဖွဲ့အစည်းအဝေးအပြီးတွင် သတင်းထောက်များအား ပြောကြားသည်။

အီရန်နိုင်ငံသည် အနာဂတ်နျူကလီးယားလျှပ်စစ်ဓာတ်ပေါင်းဖိုများအတွက် လောင်စာဆီဖြည့်စွမ်းပေးရန် ယူရေနီယံ အလုံအလောက်ရှိစေလိုကြောင်း အီရန်က ပြောကြားသည်။ သို့ရာတွင် ဝါရှင်တန်နှင့် ဥရောပနိုင်ငံများက အီရန်နိုင်ငံသည် အဏုမြူဗုံး ထုတ်လုပ်ရန် နည်းပညာအဖြစ် အသုံးပြုနိုင်သည်ဟု စိုးရိမ်ကြောက်လန့်လျက်ရှိသည်။

အီရန်နိုင်ငံ၏ နျူကလီးယားဆိုင်ရာလုပ်ဆောင်ချက်များကို ရှင်းလင်းမှုပြုလုပ်ပေးရန် နိုင်ငံတကာက ဖိအားပေးလာချိန်တွင် အီရန်နိုင်ငံသည် ယခင်နှစ်က ယူရေနီယံထုတ်လုပ်မှုကိုရပ်ဆိုင်းရန် သဘောတူညီခဲ့သည်။ သို့ရာတွင် အချိန်မရွေး ယူရေနီယံထုတ်လုပ်မှု ပြန်လည်စတင်နိုင်သည်ဟုလည်း ဆိုထားသည်။ **အမ်အင်အေ၊ရိုက်တာ**

အမျိုးသားညီလာခံကိုယ်စားလှယ်များ ပဲခူးမြို့ တန်ခိုးကြီးဘုရားများဖူးမြော်ကြည်ညို ကမ္ဘောဇသာဒီရွှေနန်းတော်အား ကြည့်ရှုလေ့လာ

ရန်ကုန် ဇွန် ၁၉

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညိုကြပြီး ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်အား ကြည့်ရှုလေ့လာကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ပဲခူးမြို့သို့ ထွက်ခွာလာကြရာ နံနက် ၇နာရီခွဲတွင် ပဲခူးမြို့ရွှေမော်ဓောစေတီတော်မြတ်သို့ ရောက်ရှိကြသည်။ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စေတီတော်အား လက်ယာရစ်လှည့်လည်ကြည်ညိုကြသည်။

စေတီတော်သမိုင်းရှင်းလင်း

ထို့နောက် စေတီတော်အင်္ဂါထောင့်ရှိ ဘေသဇ္ဇမုဒြာလာဘမုနိဓမ္မာရုံတော်ကြီး(မြင်းကျားဓမ္မာရုံ)၌ အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဂေါပကအဖွဲ့ဝင်ဦးထွန်းညွန့်က စေတီတော်သမိုင်းကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များက အလှူငွေ ၁၂၃၀၁၅ကျပ်ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စိန်သာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များကကြိုဆိုကြသည်။

အလှူငွေပေးအပ်

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စိန်သာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး အလှူငွေကျပ် ၉၂၄၆၀ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နန်းတော်သမိုင်းကြောင်းရှင်းလင်း

ယင်းနောက် မြေနန်းပြာသာဒ်ဆောင်၌ အမျိုးသားညီလာခံကိုယ်စားလှယ်များအား လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်ဆွေက ကမ္ဘောဇသာဒီ ရွှေနန်းတော် သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

သုတေသနပြတိုက်လေ့လာ

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မြေနန်းပြာသာဒ်ဆောင်၊ ဘမရာသနပလ္လင်တော်ဆောင်နှင့်ရှေးဟောင်းသုတေသနပြတိုက်တို့အား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရွှေမော်ဓောစေတီ လှည့်လည်ကြည်ညို

အမျိုးသားညီလာခံကိုယ်စားလှယ်များ ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်အား လှည့်လည်ကြည်ညိုကြစဉ်။ **(သတင်းစဉ်)**

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေကျပ်၈၄၀၉၀ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပဲခူးမြို့ ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှ နံနက်၁၀နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ပဲခူးမြို့ စိန်သာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဂေါပကအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အိပ်ရေးပျက်တယ်ဗျာ

❋ ညောင်နှစ်ပင်
နောင်အစဉ် မြန်မာ့သမိုင်းမှာလ
နှိုင်းချိန်ဆ သရုပ်မှန်နဲ့
ဟုတ်အမှန် … လုပ်ကြံတာတစ်ခုမျှမပါဘု
မျက်မြင်ကာ အထင်အရှားပေမို့
ဝင့်ကြွားလို့ သက်သေတည်။

❋ တက်နေပမာ တရွှေ့ရွှေ့
မဝေ့မဝိုက် စိုက်လိုက်မတ်မတ်နဲ့
ပြတ်ပြတ်ကယ် ထင်ထင်ရှား
မြင့်မြင့်မား တံခွန်ဆောင်လို့
နောင်အရှည် မြန်မာ့အရေးပေမို့
တွေးဆကာ မြော်မြင်လျက်
လက်ကမ်း၍ကြိုနှင့်ပြီ …
ဒို့တိုင်းပြည် အခွန့်ရှည်ရေး။

❋ သစ္စာတည်, မေတ္တာရည်နှလုံးအိမ်၌
တိုင်းတည်ငြိမ် ပြည်အေးချမ်းစေဖို့
စည်းကမ်းစနစ်နဲ့အညီ
လှုပ်ရှားသည် ဒို့သွေးချင်းများရယ်က
အတင်း, အဖျင်း, သတင်းအမှားနဲ့
မဟားတရား "သင်းတို့"
ဘယ်သို့ပင် သပ်လျှိုလျှို
"ထို, အနီ, ဤ"သုနက္ခောကဲ့သို့
အပြုသဘော အလျှင်းမပါ
"သင်း"ထပ်ခါ ဆိုလေတိုင်း
သူများလို ကျွန်ုပ်မရိုင်းချင်ဘု
ပုံနိုင်းကာပြောရန်အချက်ရယ်က
(ကွယ်)ပျက်တဲ့အိပ်ရေး။ ။

ဗလမင်းထင်

ကြံခင်းမိုးကုတ်အဖွဲ့ခွဲ (၈၀) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၁၉

ပဲခူးတိုင်း အနောက်ပိုင်း ကြံခင်းမြို့ စံရာတိုက် ရေဝန်းကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တစိန္တိတ (သာသနဓဇဓမ္မာစရိယ)အား အမှူးထား၍ စံရာတိုက် သံဃာတော်များအား ယောဂီသူတော်စင်များမှ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဒုတိယဝါဆိုလပြည့်နေ့ မွန်းလွဲ ၁နာရီတွင် ရေဝန်းကျောင်းတိုက်အတွင်းရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၈၀) ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသောအလှူရှင်များ အချိန်မီလှူဒါန်းနိုင်ကြရန်အကျိုးဆောင်အဖွဲ့ကနှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

ညီလာခံကိုယ်စားလှယ်များအားအပန်းဖြေရေး ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၁၉

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည ၇နာရီမှ စတင်လျက် ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာမီးပွားရိုက်ကူးပြီး သရုပ်ဆောင် ရန်အောင်၊ ရဲအောင်၊ မေသန်းနု၊ စိုးမိုးကြည်တို့ ပါဝင်သရုပ်ဆောင်ထားသည့် **"မြစ်တို့၏မာယာ"** ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၀-၆-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈) ဖြာမင်္ဂလာ
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ ဆွာချောင်းရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Say it in English
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** (အပိုင်း-၂)
၁၂:၁၅ ၅။ သစ်သီးဝလံ ပေါပြည့်ဝေဆာ ဥယျာဉ်ခြံမှာ
၁၂:၃၀ ၆။ မြန်မာရုပ်ရှင် **"အဖြူရောင်အတ္တ"** မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ လှအဥ္စလီတင့် (ဒါရိုက်တာ-အိအိခိုင်)
၁၄:၄၅ ၉။ International News
၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Every day Use
၁၆:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒ အထူးပြုများ) (သတ္တဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
၁၇:၄၀ ၈။ ရှမ်းတို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
၁၇:၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၂၂)
၁၉:၃၀ ၁၃။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉:၄၅ ၁၄။ ဖွံ့ဖြိုးမှုဝေ မနောမြေ(အပိုင်း-၂)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"နှင်းဆီနှုတ်ခမ်း"** (အပိုင်း-၂) လူမင်း၊ စိုးမြတ်နန္ဒာ၊ စိုးမိုးကြည် (ဒါရိုက်တာ-မျိုးထူး)

နံနက်ပိုင်း

၁:၁၅ ၂၁။ Euro 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(စပိန်နှင့် ပေါ်တူဂီ)**
၂၂။ နောက်တစ်နေ့အစီအစဉ်

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၉

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် အဖွဲ့ချုပ် နာယကကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း(ဒလ/ပျော်ဘွယ်ကြီး) ဦးဆောင်၍ ကမ္မဋ္ဌာနာစရိယ ဆရာဦးသန်းထွန်း(ကျိုက်လတ်) အနီးကပ်ကြီးကြပ် သော(၄၅)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်းကို ရွှေပြည်သာမြို့ အုတ်ဖိုရပ်ကွက် မြသိန်းတန်ကျောင်း ဓမ္မရိပ်သာတွင် ဇွန် ၂၄ရက် နံနက်၉နာရီ၌ ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်မည့် ယောဂီများသည် ဖုန်း-၆၁၀၈၇၉၊ ၆၁၀၈၉၃နှင့် ၆၁၀၇၁၃တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ပြီး တရားစခန်းဖွင့်မည့်နေ့ နံနက် ၇ နာရီအရောက် မိမိတို့ မှတ်ပုံတင်ကတ်ပြားများယူဆောင်၍ ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ်သို့လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ပပြင်တံတား

တနင်္သာရီတိုင်း မြိတ်မြို့နယ် ကျေးလက်ဒေသများသို့ သွားလာဆက်သွယ်မှုလွယ်ကူစေရေးအတွက် တည်ဆောက်ပေးထားသော ပပြင်တံတားကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း(မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ကျေးလက်စာကြည့်တိုက်

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုတ်ကောင်းတောင် ကျေးရွာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး နေမင်းရောင်ခြည်စာကြည့်တိုက်ကို ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း-ပြန်/ဆက်)

ဂလိုင်ချောင်ရေအားလျှပ်စစ်

ကချင်ပြည်နယ် ဟိုပင်မြို့ အနီးရှိ ဂလိုင်ချောင်ရေအားလျှပ်စစ်စီမံကိန်းသည် ဟိုပင်မြို့ရှိ တိုင်းရင်းသားပြည်သူများ လျှပ်စစ်ဓာတ်အားရရှိ ရေးအတွက် အထောက်အကူပြုလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မန္တလေးတိုင်း မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသများ ရေရရှိရေးအတွက် ကျေးရွာ ရပ်ကွက်အုပ်စုသို့ နေ့စဉ်ရေဖြန့်ဝေမှု မှန်ကန်စေရေးအတွက် သောက်သုံးရေကန်များကို ဤသို့ တည်ဆောက်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာအုပ်စုတွင် တစ်ဧကတင်း ၂၀၀ ထွက်ရှိရေး ဆောင်ရွက်လျက်ရှိသည့် ဒေသခံတောင်သူများ စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် စပါးစံကွက်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

20-6 (07).p65 1 03/24/1905, 3:36 PM

ပညာရေးမြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ လှိုင်သာယာမြို့နယ်ရှိ ပဒေသာပင်မြို့တော်၌ တည်ဆောက်ပြီးစီးနေသော Orchid Garden လုံးချင်းအိမ်ရာများနှင့် Finger Lake လုံးချင်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ရှေးဦးစွာ လှိုင်သာယာမြို့နယ် အမှတ်(၂၀)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို နံနက်၉နာရီခွဲတွင် ရွှေလင်ပန်း စက်မှုမြို့ အလယ်ရွာရှိ အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်နှင့်စာသင်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုမြို့ မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ကျောင်းဆောင်သစ်ဖွင့်

ရွှေလင်ပန်းစက်မှုမြို့ မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်နှင့် ကျောင်းသားကျောင်းသူလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးစွမ်းရည်ပြသမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အမှတ်(၆)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

လှိုင်သာယာမြို့နယ် အမှတ်(၆)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ရွှေလင်ပန်းစက်မှုမြို့ရှိ အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုမြို့ မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ကို ဖွင့်လှစ်အပြီး တွေ့ရစဉ်။ (သတင်းစဉ်)

ရွှေလင်ပန်းစက်မှုဇုန်

အဆိုပါ ကျောင်းဆောင်သစ်များဖွင့်ပွဲအခမ်းအနားအစီအစဉ်ကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်က ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နှင့်ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့အတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန် နိုင်ငံတော်အစိုးရက လှိုင်မြစ်ကူးတံတားကြီးသုံးစင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြောက်ဘက်အစွန်ဆုံးတွင် ရွှေပြည်သာတံတားမှ မြစ်ဝကျွန်းပေါ်ဒေသသို့ သွားလာနိုင်သည့်အနော်ရထာလမ်းမကြီးရှိပြီး ထန်းတပင်မြို့နယ်အတွင်း အနောက်ပိုင်းတက္ကသိုလ်လည်း တည်ရှိကြောင်း၊ ထိုဒေသအတွက် ဖွံ့ဖြိုး

တိုးတက်လာစေရန်နှင့် ယခင်က လှိုင်သာယာမြို့ မြောက်ဘက်ခြမ်း မဖွံ့ဖြိုးခဲ့သည်များကို ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရွှေလင်ပန်းစက်မှုဇုန်ကို တည်ဆောက်ရန် ၂၀၀၃ခုနှစ် ပွင့်လင်းရာသီမှစ၍ စီမံဆောင်ရွက်ခဲ့ကြောင်း။

ချောင်းကူးတံတားဆောက်ပြီး

လှိုင်သာယာမြို့မှ ရွှေလင်ပန်းစက်မှုမြို့နှင့် ရွှေပြည်သာဘက်သို့ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန်အတွက် လမ်းမကြီးလေးခု ဖောက်လုပ်ထားကြောင်း၊ အနောက်ဘက်အစွန်ဆုံးတွင် အနော်ရထာလမ်းဖောက်လုပ်ပြီး ရွှေပြည်သာမှတစ်ဆင့် မြစ်ဝကျွန်းပေါ်ဒေသသို့ ယာဉ်များအကျိုးရှိစွာ သွားလာအသုံးပြုနေကြောင်း၊ ဒုတိယလမ်းဖြစ်သည့် ဗိုလ်အောင်ကျော်လမ်းကို ဆက်လက်၍ ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်လျက်ရှိပြီး ရွှေလင်ပန်းချောင်းကူးတံတား ၁၃၅ပေ တည်ဆောက်လျက်ရှိ၍ လာမည့်အောက်တိုဘာလတွင် ယာဉ်များ သွားလာနိုင်မည်ဖြစ်ကြောင်း၊ တတိယလမ်းဖြစ်သည့် ကျန်စစ်သားလမ်းနှင့် ရွှေလင်ပန်းချောင်းကူးတံတားကိုလည်း တည်ဆောက်ပြီးဖြစ်သည့် အတွက် လက်ရှိအသုံးပြုသွားလာလျက်ရှိကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ လှိုင်သာယာမြို့နယ် ရွှေလင်ပန်း စက်မှု မြို့ မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား တွင် ကျောင်းဆောင်သစ် စာသင်ခန်းများအတွင်း ကျောင်းသားကျောင်းသူ များ၏ ဉာဏ်ရည်ဉာဏ်သွေး စွမ်းရည်ပြသမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယခုထပ်မံ၍ တပင်ရွှေထီးလမ်းကို လေးလမ်းသွားကွန်ကရစ်လမ်းမကြီး အဖြစ် ဆက်စပ်ဖောက်လုပ်လျက်ရှိပြီး လှိုင်သာယာချောင်းကူးတံတား ၁၃၈ပေနှင့် ရွှေလင်ပန်းချောင်းကူးတံတား၂၀၈ပေတို့ကို မကြာမီက တည်ဆောက်ပြီးစီးပြီ ဖြစ်၍ ယာဉ်များသွားလာအသုံးပြုနိုင်ပြီ ဖြစ်ကြောင်း။

ရွှေလင်ပန်းစက်မှုမြို့တွင် စက်ရုံများ အချို့စတင်လည်ပတ်လျက်ရှိပြီး အချို့တည်ဆောက်ဆဲဖြစ်ကြောင်း၊ စက်မှုမြို့တွင် ယနေ့ဖွင့်လှစ်သည့် ကျောင်းသုံးကျောင်း၊ မူလတန်းကြိုကျောင်းတစ်ကျောင်းနှင့် ဘုန်းကြီးကျောင်းသစ်တစ်ကျောင်း၊ ဆေးပေးခန်းတစ်ခု၊ ဈေး၊ Cover Market, Open Market နှင့် Shophouse များ၊ ဘတ်စ်ကားမှတ်တိုင်များ တည်ဆောက်ထားပြီး ဖြစ်ကြောင်း၊ ကွပ်ကဲစီမံရန်အတွက် စီမံခန့်ခွဲရေးရုံးတည်ဆောက်ပြီးဖြစ်ကြောင်း။

ပြေးလမ်းပါဘောလုံးကွင်း

ယခုမိုးရာသီမှာ စက်မှုမြို့ သာယာလှပစေရန်အတွက် သစ်ပင်ပန်းပင်များ စိုက်ပျိုးလျက်ရှိကြောင်း၊ လိုအပ်သည့်လမ်းများကိုလည်း နှစ်လမ်းသွားမှ လေးလမ်းသွားအထိ တိုးချဲ့သွားမှာဖြစ်ကြောင်း၊ Indoor Stadium တစ်ခုနှင့် ပြေးလမ်းပါသည့် ဘောလုံးကွင်းတစ်ခုကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ စက်မှုမြို့ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေရန် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် တန်ဖိုးနည်း လုံးချင်း တိုက်အိမ်များ စမ်းသပ်ဆောက်လုပ်လျက်ရှိကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင် များက အမက(၄၇)ကျောင်းအနီး ကနောင်လမ်းနှင့် တပင်ရွှေထီးလမ်းပေါ် တွင် လုံးချင်းအိမ်ရာစီမံကိန်း အကောင်အထည်ဖော်ရန် စီစဉ်ထားကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်မြို့တွင် ပျက်စီးယိုယွင်းသည့် ကျောင်းများကို ဆောက်လုပ်ရေး လုပ်ငန်းရှင်များအနေဖြင့် ကျောင်း ၂၅ကျောင်းကို တည်ဆောက်ပြုပြင်ပေးခဲ့ပြီး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနှင့်လည်း မြို့သစ်များတွင် အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း စုစုပေါင်း ၄၁ ကျောင်းကို ဆောက်လုပ်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ယခုဆောက်လုပ်ပြီးသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဆောက်လုပ်လှူဒါန်းသည့်ကျောင်းနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောက်လုပ်လှူဒါန်းသည့်ကျောင်း စုစုပေါင်း ၈၆ ကျောင်းရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့်ကျောင်းများနှင့် မူကြိုကျောင်းများကို စေတနာထားပြီး တတ်နိုင်သမျှပုံစံ၊ အရည်အသွေး၊ ပစ္စည်းများပြည့်စုံအောင် စီမံဆောင်ရွက်ပေးထားကြောင်း၊ ယခုရောက်ရှိနေသည့် ကျောင်းသည် လက်ရှိအခြေခံမူလတန်းလွန်ကျောင်းဖြစ်သော်လည်း နောင်တွင်အလယ်တန်းမှသည် အထက်တန်းကျောင်းအဆင့်ထိ ဖြစ်လာနိုင်သည့်အတွက် Multi Media Room, Language Lab များကို တပ်ဆင်ပေးထားပြီး ဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ယခုကျောင်းများကို တည်ဆောက်ပေးသည့် ဆောက်လုပ်ရေးကုမ္ပဏီများကို အထူးကျေးဇူးတင်ရှိကြောင်း၊ ကျောင်းများအတွက် ငွေလှူဒါန်းကြသည့် အလှူရှင်များကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန် ကျောင်းသား၊ မိဘ၊ ဆရာ ဆရာမများမှ ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက ကျောင်းဆောင်သစ်များ၏ မြေနေရာနှင့် အဆောက်အအုံများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ် (၃) အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးသည်။

အလှူငွေများလှူဒါန်း

ဆက်လက်၍ လှိုင်သာယာမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများ၊ မူလတန်းလွန်ကျောင်းနှင့် မူလတန်းကြိုကျောင်းများအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးမင်းနိုင်က အမှတ် (၂၀) အမကအတွက် ငွေကျပ် သုံးသိန်း၊ ဦးကျော်နိုင် (Integrated ဆောက်လုပ်ရေး)က ငွေကျပ် နှစ်သိန်း၊ ဒေါ်နန်းအေးမြင့်(နန်းဇေကရီ ဆောက်လုပ်ရေး)က ရွှေလင်ပန်းစက်မှုမြို့ မူလတန်းကြိုကျောင်းအတွက် ငွေကျပ်သိန်း ၄၀၊ ဦးအောင်သန်း ဒေါ်စန်းတင့်တို့က ရွှေလင်ပန်းစက်မှုမြို့ မူလတန်းကြိုကျောင်းအတွက် ငွေကျပ်သုံးသိန်း၊ ဦးသန်းလွင်(စတီးစတုန်းကုမ္ပ ဏီ)က အမှတ်(၆)မူလတန်းလွန်ကျောင်းအတွက် ငွေကျပ် ငါးသိန်၊ ဦးကျော်ဝင်း(မြန်မာ့ရွှေသရဖူဆောက်လုပ်ရေး)က အမှတ်(၆) မူလတန်းလွန်ကျောင်းအတွက် ငွေကျပ်နှစ်သိန်း၊ ဂရိတ်ဝေါကုမ္ပဏီကအမှတ်(၄၇) အမကအတွက် ငွေကျပ် ငါးသိန်း၊ ဦးညွှန့်သန်း (NT Group)က အမှတ် (၄၇)အမကအတွက် ငွေကျပ် နှစ်သိန်း၊ ဦးမြင့်နိုင်(အေးရိပ်မွန်ကုမ္ပဏီ)က အမှတ်(၄၇)အမကအတွက် ငွေကျပ် နှစ်သိန်း၊ လှိုင်သာယာစက်မှုမြို့ စီမံခန့်ခွဲမှုကော်မတီက အမှတ်(၂၀)၊ အမှတ်(၄၇)အမကကျောင်းများ၊ အမှတ်(၆) မူလတန်းလွန်ကျောင်းနှင့် ရွှေလင်ပန်းမူလတန်းကြိုကျောင်းများအတွက် ငွေကျပ် ၁၂သိန်း၊ ဦးတင်သိန်း–ဒေါ်အေးအေးသင်း(AYN ဆောက်လုပ်ရေး)က အမှတ် (၂၀)၊ အမှတ်(၄၇)အမကကျောင်းများ၊ အမှတ်(၆)မူလတန်းလွန်ကျောင်းနှင့် ရွှေလင်ပန်းမူလတန်းကြိုကျောင်းများအတွက် ငွေကျပ်ခုနစ်သိန်းနှင့် ဦးမောင်မောင် (ရွှေကမ္ဘာကုမ္ပဏီ)က အမှတ်(၂၀)၊ အမှတ်(၄၇)အမက ကျောင်းများ၊ အမှတ်(၆)မူလတန်းလွန်ကျောင်းနှင့် ရွှေလင်ပန်းမူလတန်းကြိုကျောင်းများအတွက် ငွေကျပ်၁၂ သိန်းကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးများက လက်ခံကြသည်။

ငွေပဒေသာပင်လှူဒါန်း

ဆက်လက်၍ ကျောင်းအုပ်ကြီးများကိုယ်စား အမှတ်(၆)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ကြီးဦးဝင်းလှက မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်လမ်းညွှန်မှုအရ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ စီမံမှုဖြင့် အလှူရှင်များ၏ ငွေကြေးစိုက်ထုတ်မှုတို့ကြောင့် အမှတ်(၆) အခြေခံပညာ မူလတန်းလွန်ကျောင်းအတွက် စာသင်ခန်း ၁၉ခန်းနှင့် ခန်းမတစ်ခုပါသည့် နှစ်ထပ်ကျောင်းဆောင်လေးဆောင် တန်ဖိုးငွေ ၁၄၁၅ သိန်း၊ အမှတ်(၂၀)အခြေခံပညာမူလတန်းကျောင်းအတွက် စာသင်ခန်း ၁၀ခန်းနှင့် ခန်းမတစ်ခုပါသည့် နှစ်ထပ်ကျောင်းဆောင်တစ်ဆောင် တန်ဖိုးငွေ သိန်း ၈၀၀ နှင့်အမှတ် (၄၇)အခြေ ခံပညာမူလတန်းကျောင်းအတွက် စာသင်ခန်း ၁၀ခန်းနှင့် ခန်းမတစ်ခု ပါဝင်သည့် နှစ်ထပ်ကျောင်းဆောင် တစ်ဆောင် တန်ဖိုးငွေသိန်း ၈၀၀ စုစုပေါင်းကျပ် ၃၀၁၅သိန်းတန်ဖိုးရှိ ကျောင်းဆောင်များကို ဆောက်လုပ်ပြီးရာသက်ပန်ငွေပဒေသာပင်များကိုလည်း ပေးအပ်လှူဒါန်းခဲ့သည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

ပညာရေးမြို့တော်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က ပြောကြားရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဦးစီးဦးဆောင်ပြုပြီး အမျိုးသားပညာရေးအတွက် ကဏ္ဍတစ်ခုဖြစ်သော ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းကြခြင်းကြောင့် ဥပတိရုပ်ကောင်းသည့်၊ သစ်လွင်လှပကောင်းမွန်သည့် ကျောင်းဆောင်သစ်များ ယခုလို ပေါ်ထွန်းလာခြင်းသည် အလွန်ပီတိဖြစ်စရာကောင်းပါကြောင်း၊ လှိုင်သာယာစက်မှုဇုန်၏ ဖွံ့ဖြိုးတိုးတက်မှုမှာ အလွန်မြန်ဆန်စွာ ဖွံ့ဖြိုးဖြစ်ပေါ်လျက်ရှိကြောင်း၊ လှိုင်သာယာစက်မှုဇုန် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်နေသကဲ့သို့ ပညာရေးကဏ္ဍတွင်လည်း မူလတန်းကြိုကျောင်းမှ တက္ကသိုလ်အဆင့်အထိ ဖွင့်လှစ်ပေးထားပြီးဖြစ်၍ ပညာရေးမြို့တော် (Education City)ဟုပင် တင်စားခေါ်ဆိုနိုင်ပါကြောင်း။

ထို့ကြောင့် ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများ အပြည့်အဝရရှိကြကြောင်း၊ နိုင်ငံတော်က အနာဂတ်တွင် အလွန်ခိုင်မာသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးနှင့် ပညာရည်မြင့်မားပြီးဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးကိုတည်ဆောက်လျက်ရှိကြောင်း။

ထိုကဲ့သို့ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များ အောင်မြင်ရန် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် စီးပွားရေး လုပ်ငန်းရှင်များနှင့် စေတနာရှင်ပြည်သူများ၏ ယခုကဲ့သို့ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှု တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် မာလ်တီမီဒီယာ စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ကျောင်းဆောင်သစ်ဖွင့်လှစ်

လှိုင်သာယာမြို့နယ် အမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ရွှေလင်ပန်းစက်မှုမြို့ရှိ အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပရာ အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ချောင်းကူးတံတားစစ်ဆေး

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်ရှိ တပင်ရွှေထီးလမ်းကို လေးလမ်းသွားကွန်ကရစ်လမ်းမကြီးအဖြစ် ဖောက်လုပ်ပြီးစီးမှုနှင့် ၁၃၈ပေရှိ လှိုင်သာယာချောင်းကူးတံတားနှင့် ၂၀၈ပေရှိ ရွှေလင်ပန်းချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များ လှိုင်သာယာမြို့နယ် အမှတ် (၂၀) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းဆောင်သစ်နှင့်စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အောင်ဝင်းက လှိုင်သာယာမြို့နယ်တွင် ဖွင့်လှစ်လိုက်သော ကျောင်းဆောင်သစ်များ၏ မြေနေရာနှင့် ကျောင်းဆောင်သစ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း လှိုင်သာယာမြို့နယ် အမှတ်(၂၀) အခြေခံပညာ မူလတန်းကျောင်းအတွက် အလှူရှင်များ လှူဒါန်းငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

လှိုင်သာယာမြို့နယ် အမှတ် (၄၇) အခြေခံပညာ မူလတန်း ကျောင်း ကျောင်းဆောင်သစ်ကို ဖွင့်လှစ်အပြီး တွေ့ရစဉ်။

(သတင်းစဉ်)



ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ပဒေသာပင်မြို့တော်(FMI City)၌ FMI Garden Development Ltd. က တာဝန်ယူတည်ဆောက်ပြီးစီးနေသည့်Orchid Garden လုံးချင်းအိမ်ရာများနှင့် Finger Lakeလုံးချင်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာတာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ပဒေသာပင်မြို့တော် (FMI City) မှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

ရွှေမန်းမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြှင့်အားကြောင့် မြင့်မားလာသော လွိုင်လင်ခရိုင်(၁)

ရတနာစည်ဆရာတော်
(လွိုင်လင်)

(က)

“လွိုင်လင်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည့် အစီအမံများ၏ အောင်မြင်ဖြစ်ထွန်းမှုများကို လေ့လာသုံးသပ်နိုင်ရန်နှင့် လိုအပ်သည်များ ဆက်လက်ပံ့ပိုးနိုင်စေရန် မိမိနှင့်အတူ ဒေသဆိုင်ရာတာဝန်ခံများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယနေ့လာရောက်ကြခြင်းဖြစ်ကြောင်း”

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်
ပဥ္စမအကြိမ် လွိုင်လင်ခရိုင်ခရီးစဉ် (၂၄–၅–၂၀၀၄)

(ခ)

လွိုင်လင်ခရိုင်၏ ခရိုင်မြို့ဖြစ်သော လွိုင်လင်မြို့သို့ ဤအရှင်တို့သည် လွန်ခဲ့သော ၁၉၈၂ ခုနှစ် နှစ်ကုန်လုကာလ၌ မမျှော်လင့်ဘဲ ရောက်ရှိလာကာ မမျှော်လင့်ဘဲလျက်သာ အခြေချခဲ့ရပါကုန်၏။ အခြေချခဲ့ရသည့် အတိုင်းပင် လွိုင်လင်ခရိုင်နှင့် စပ်လျဉ်း၍ ခရိုင်သားတို့၏ အနေအထားနှင့် ခရိုင်၏ အခြေအနေတို့၌ ထဲထဲဝင်ဝင် တွေ့မြင်နှံ့သိခဲ့ရပါ၏။ သည်ကာလ နှစ်ပေါင်း ၂၀ ကျော်ကို ၁၀နှစ်စီကန့်ကြည့်လိုက်လျှင် ပထမ ၁၀ နှစ်(၁၉၈၃–၁၉၉၃)၌ ခရိုင်၏အခြေအနေ ဝေဝါးနေခဲ့သလို ခရိုင်သားတို့၏ အနေအထားသည် နိမ့်ပါးခဲ့ကြောင်း ဝန်ခံရမည်ဖြစ်ပြီး၊ ဒုတိယ ၁၀ နှစ်(၁၉၉၄–၂၀၀၄)တွင်မူကား ခရိုင်၏အခြေအနေ စွင့်ကားလာသလို ခရိုင်သားတို့၏ အနေအထားလည်း မြင့်မားလာကြောင်း ဝင့်ကြွားစွာပြောနိုင်ပါချေပြီ။ သည်သို့ ဖြစ်ထွန်းလာအောင် မြှင့်အားပေးနေသည့် ကတ္တားရှင်သည်ကား ယနေ့ နိုင်ငံတော်အစိုးရပါတည်းဟူ၍မူ အထူးပြောဖွယ်လိုမည် မထင်ပါတော့။

(ဂ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ၂၀၀၄ခုနှစ် မေ ၂၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ ရှမ်းပြည်နယ် လွိုင်လင်ခရိုင် နမ့်စန်မြို့သို့ ရောက်ရှိလာကြသော် နမ့်စန်လေဆိပ်မှ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၊ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်သိန်း၊ လွိုင်လင်ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးဝင်းတင့်၊ မြို့နယ်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့များကကြိုဆိုကြပြီး ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် လွိုင်လင်ခရိုင်အတွင်း နှစ်ရက်တိုင်တိုင် မနားမနေ လှည့်လည်ရင်း လွိုင်လင်ခရိုင်သားတို့အား မြှင့်အား တင်ပေးကြပါကုန်၏။

ဤခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လွိုင်လင်ခရိုင် ပန်းချီကား၌ စုတ်ချက်အလှများစွာ ခြယ်သခဲ့သည်များမှ ပင်လုံမြို့၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်ဝယ် ကုသိုလ်စုတ်ချက်တင်ခဲ့ပုံ ရှေးဦးစွာ ဆောင်းပါးတွဲ(၁)အဖြစ် မုဒိတာမှတ်စု ဆစ်ထုသွန်းအပ်ပါ၏။

“မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီးသည် မြန်မာနိုင်ငံ၌ ပထမဦးဆုံးသော မဏ္ဍိုင်မပါ အမိုးခုံးလိုဏ်ခံလျက် တည်ထားမည့် ထူးခြားသောပုံသဏ္ဌာန်ရှိသည့် စေတီတော်ကြီးဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်ခံ့စေရေးအတွက် ခေတ်မီနည်းပညာများ၊ ခေတ်မီတည်ဆောက်ရေးစနစ်များကို အသုံးပြု တည်ထားလျက်ရှိကြောင်း”

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ အမှာအထား စကားအတိုင်းပင် မဏ္ဍိုင်များ၊ တိုင်များတစ်လုံးမျှမပါဘဲ အမိုးခုံးလိုဏ်ခံကာ ဝိသေသ သဏ္ဌာန်ပေါ်ထွန်းအောင် တည်ထားလျက်ရှိသည့် စေတီတော်ကြီးဖြစ်၏။ မြန်မာနိုင်ငံ၌ ပထမဆုံးပေါ်ထွန်းလာမည့် စေတီတော်ကြီး လည်း ဖြစ်၏။ပေ၁၂၀ပတ်လည် တိုင်တစ်လုံးမျှမရှိသော ဟာလာပြင် အထက်၌ ပေ၅၀အမြင့်လိုဏ်ခုံးသဏ္ဌာန် တည်ထားခြင်းဖြစ်သဖြင့် ယင်းသည်ပင် စေတီယင်္ဂဏ (စေတီတော်ဝမ်းဗိုက်)အဖြစ် ဝိသေသလက္ခဏာဆောင်လျက်ရှိ၏။

ထင်သာမြင်သာဆိုရပါလျှင် ပေ ၁၂၀ အချင်းရှိသော စက်ဝိုင်း၌ ဗဟိုတည့်တည့် ပေ ၅၀ အမြင့်ရှိသော အုပ်ဆောင်းကြီး ခြုံငုံဆောင်းမိုးထားသောပုံစံဖြစ်၏။ တစ်နည်းဆိုရပါလျှင် ပြန့်ညီပထဝီမြေပြင်ကို ကောင်းကင်ကြီးက အုပ်မိုးထားသော မျက်မြင်သဘာဝအတိုင်း တည်ဆောက်ထားခြင်းဖြစ်၏။ မြေပြင်နှင့် ထိစပ်သော မိုးကုပ်စက်ဝိုင်းကို သုညလက်မထား၍ ယင်းအထက် လက်မ ၂၄၀ မှ စကာ ကောင်းကင်အမိုးခုံးကို အပြင်ဘက်မှငုံ၍ ရွှေတိဂုံစေတီပုံတည်ထားမည်ဖြစ်၏။ စိတ်ကူးဖြင့် ပုံဖော်ကြည့်လျှင် လူ့ဘုံတည်းဟူသော မြေပြင်ကို စေတီတော်၏ ဝမ်းဗိုက်အတွင်း ထည့်သွင်းထားပြီး အထက်ကောင်းကင် နတ်ပြည်ခြောက်ထပ်ဟု ဆိုရမည့် ပန်းတင်ခုံမှစကာ ယင်းအထက် အကနိဋ္ဌာဗြဟ္မာဘုံ၌ ငှက်ပျောဖူးတော်တည်လျက် နေဝသညာ နာသညာယတနဘုံတည်းဟူသော ဘဝဂ်ဘုံဝယ် စိန်ဖူးတော်တင်လှူပူဇော်မည့် သုံးဆယ့်တစ်ဘုံ ရွှေတိဂုံစေတီတော်ကြီးဟု အဓိပ္ပာယ်အနက် ထင်လေ၏။

သည်သို့သော အဓိပ္ပာယ်နက်နက်တို့ဖြင့် ထုံမွမ်းအပ်သည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီးကို ပင်လုံမြေ၌ တည်ထားကိုးကွယ်ခြင်းနှင့် စပ်လျဉ်းကာ နိုင်ငံတော်ဝန်ကြီးချုပ်၏ လွိုင်လင်ခရိုင် တတိယအကျော့ခရီးစဉ်ဖြစ်သည့် လွန်ခဲ့သော ၂၀၀၂ခုနှစ် ဒီဇင်ဘာ ၉ရက်တွင် ပထမအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကျင်းပစဉ် နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီးများကို ဤသို့ လျှောက်ထားခဲ့ဖူး၏။

“နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းရင်းသားလူမျိုး အပေါင်းတို့ စုစုစည်းစည်း တလုံးတစည်းတည်း ဖြစ်ထွန်းပေါ်ပေါက်လာအောင် ကြိုးပမ်းအကောင်အထည်ဖော်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများ၊ ပင်လုံမြေမှသည် မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိပြီး ပြည်ထောင်စုကြီး သန္ဓေတည် မွေးဖွား သန့်စင်လာခဲ့သည်အထိ မိမိနိုင်ငံ၊မိမိလူမျိုး အကျိုးစီးပွားကို အစဉ်တစိုက် မြှင့်တင်ဆောင်ရွက်ခဲ့ကြသည့်မျိုးချစ် ပုဂ္ဂိုလ်ကြီးများအတွက် ကုသိုလ်ကောင်းမှု ဆည်းပူးပြုလုပ်ပေးရေး ဤပင်လုံဒေသ၌ စေတီတော်ကြီး တစ်ဆူ တည်ထားကိုးကွယ်ပူဇော်ရန် လမ်းညွှန်မိန့်ကြားခဲ့ပါသည် ဘုရား”

ယင်းလျှောက်ထားချက်နှင့်အတူ ထိုနေ့၊ထိုအခမ်းအနား (၉–၁၂–၂၀၀၂ ပထမအကြိမ် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်တည်ထားကိုးကွယ်ရေး အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ)၌ စေတနာရှင်ပြည်သူများကိုလည်း နိုင်ငံတော်ဝန်ကြီးချုပ်က ဤသို့ ပြောကြားခဲ့ဖူး၏။

“ပင်လုံဒေသတွင် ရွှေတိဂုံစေတီ ပုံတူစေတီတော်မြတ်တစ်ဆူကို ဤစေတီ တော်တည်ရှိနေသမျှကာလပတ်လုံး ပြည်ထောင်စုကြီးလည်း အဓွန့်ရှည်တည်တံ့ ခိုင်မြဲစေရမည်ဆိုသည့် ယုံကြည်ခံယူချက်ဖြင့် တည်ထားကိုးကွယ်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ကြောင်း”

စေတီတော်ကြီးတည်ရှိနေသမျှ ကာလပတ်လုံး ပြည်ထောင်စုကြီးအဓွန့်ရှည် တည်တံ့ခိုင်မြဲစေရမည်၊ ပြည်ထောင်စုကြီးတည်ရှိနေသမျှကာလပတ်လုံး စေတီတော်ကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲနေရမည်ဆိုသော ခံယူချက်၊ ယုံကြည်ချက်ဖြင့် လေးနက်စွာတည်ထားအပ်သော စေတီတော်ကြီးဖြစ်ခြင်းကြောင့် မိုးဒဏ်၊ လေဒဏ်၊ ငလျင်ဒဏ်ကြံ့ကြံ့ခံနိုင်မည့် ဒီဇိုင်းပုံစံအဖြစ် ခေတ်မီအင်ဂျင်နီယာအတတ်ပညာများ၊ ခေတ်မီနည်းပညာများ အသုံးပြုကာ ဒီဇိုင်းပုံစံထုတ်ခြင်း၊ စံချိန်စံညွှန်းမီ တည်ထားခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ထိုပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ၌ပင် ပြည်သူတို့ထံမှ သဒ္ဓါထက်သန်စွာ လှူဒါန်းအပ်သော အလှူငွေပေါင်းမှာငွေကျပ် သိန်း၁၃၀၀ကျော်ဖြစ်ခဲ့သလို ဒုတိယအကြိမ်အလှူငွေပေးအပ်လှူဒါန်းပွဲကိုလည်း ဤမြေ ဤနေရာ၌ပင် နိုင်ငံတော်ဝန်ကြီးချုပ်၏စတုတ္ထအကျော့ လွိုင်လင်ခရိုင် ခရီးစဉ်အတွင်း ၃၀–၉–၂၀၀၃ ရက်နေ့တွင် ကျင်းပပေးခဲ့ရာ အလှူငွေပေါင်းကျပ် သိန်း ၁၉၀၀ ကျော်ရရှိခဲ့ပြီး ယခုတစ်ဖန် တတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲကြီး ဝှဲချီးကျင်းပနိုင်ရန်နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် ဤဒေသသို့ ပဥ္စမအကျော့ခရီးစဉ်အဖြစ် ရောက်ရှိလာကာ ၂၅–၅–၂၀၀၄ ရက်နေ့မှာ ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်း၏ ဗဟိုချက် ဝိကာသိနီ ကုန်းတော် မင်္ဂလာမဏ္ဍပ်၌ကမ္ဘာတည်သရွေ့တည်နေမည့်မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်တည်ထားကိုးကွယ်ရေး ကောင်းမှုပန်းချီစုတ်ချက် ပြက်ပြက်ထင် ခြယ်သပေးနိုင်လေပြီ။

ယခု တတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော အလှူတော်ငွေကျပ် သိန်းတစ်ထောင်ကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်အား ပေးအပ်ရာ အခမ်းအနားတက်ရောက်သူ စေတနာရှင်ပြည်သူများက ကိုယ်စားဝမ်းသာ မုဒိတာဖြင့် ရင်မှာလှိုက်ပျော် သာခုခေါ် မိုးပေါ်ဘဝဂ် တိုင်လေ၏။

ထိုမှနောက်ဝယ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က အလှူငွေကျပ် သိန်း၂၀ စီ၊ အထူးဒေသ(၆) ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာ မဏိဇောတရေ ဦးအောင်ခမ်းထီ–ဒေါ်နန်းဖြူမိသားစုနှင့် ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတရေ ဦးနေဝင်းထွန်း–ဒေါ်နန်းအေးအေးမြင့်မိသားစုတို့က အလှူငွေကျပ်သိန်း ၄၅၀၊ ရွှေသံလွင်ကုမ္ပဏီဦးသိန်းဝင်း–ဒေါ်နီမိသားစုတို့က အလှူငွေကျပ် ၁၃၅ သိန်း၊ ယူနိုက်တက်ကော်မာရှယ်အုပ်စုကုမ္ပဏီက ငွေကျပ် ၁၃၅သိန်း၊ ဦးထွန်းမြင့်နိုင် (အုပ်ချုပ်မှုဒါရိုက်တာ)အေးရှားဝေါ(လ်)ကုမ္ပဏီ လီမိတက်ကငွေကျပ်သိန်း ၁၀၀ဟူ၍ ကုမ္ပဏီများက လည်းကောင်း၊ ဝန်ကြီးဌာန အသီးသီးတို့က လည်းကောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များက လည်းကောင်း သဒ္ဓါရည်လိမ်း တစ်သိန်းအထက် လင်းလက် စေတနာ တက်ကြွစွာဖြင့် မင်္ဂလာဒါန ပုညသဘင် ပွဲကြီးဆင်သော် ကြည်လင်ဇောသန် သာခုသံ ညံညံဘဝဂ် လွှမ်းလေ၏။

ဤတတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ၌ တိုင်းမှူး၏ စုစည်းမှုအရ တောင်ကြီးမြို့မှ လုပ်ငန်းရှင်တော်တော်များများ ထက်သန်စွာ ပါဝင်လာကြကြောင်း တွေ့ရှိရ၏။ ဦးမောင်မောင်ညွန့် (ဂိုးလ်ဒင်းမွန်းဆောက်လုပ်ရေး)၊ ဦးအေးကျော် (AK ရောင်းဝယ်ရေး)၊ ခွန်ရာဇာမိသားစု၊ ဦးဋ္ဌေးကြွယ် (ရတနာထွန်းဆောက်လုပ်ရေး)၊ ဦးထွန်းလွင်(တောင်ကြီးဟိုတယ်)၊ ဦးသန်းညွန့် (အမြွာညီအစ်မပို့ဆောင်ရေး)၊ ဦးအေးဆွေ(ပြည်ချမ်းအောင်ဆောက်လုပ်ရေး)၊ ရွှေကျားပျံမိသားစု၊ ဟိုတယ်နှင့်တည်းခိုခန်းပိုင်ရှင်များစသည့် အလှူရှင်များ ဖြစ်ကြ၏။

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီးအား တတိယအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ၌ ရရှိသောအလှူငွေစုစုပေါင်းမှာ ကျပ် ၂၀၁၈ သိန်းဖြစ်ပါသည်။

(ဃ)

ဤဆောင်းပါးကမ္ပည်းတင်နေစဉ် ထူးခြားစွာတိုက်ဆိုင်လာသော ပုညဝိသေသတစ်ရပ်ကိုမှတ်တမ်းတင်ပါဦးမည်။ ၂၈–၅–၂၀၀၄ ညရနာရီ မြန်မာ့ရုပ်သံသတင်း၌ သာသနာရေးဝန်ကြီးဌာနသို့ အလှူရှင်များက အလှူငွေပေးအပ်ပွဲသတင်းထုတ်ပြန်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား စေတနာရှင်များဖြစ်ကြသော မရမ်းကုန်းမြို့နယ် ချော်တွင်းကုန်း ဦးဘဟန်လမ်းနေ ဒေါ်တင်တင်ဦးနှင့် ရန်ကုန်မြို့ ၄၈လမ်းနေ ဦးကျော်ဝင်း–ဒေါ်ခင်ခင်စိန် မိသားစုတို့က ရှမ်းပြည်နယ်ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီး၌ ထားရှိပူဇော်ခံမည့် ရွှေချိန် ၂၀ ကျပ်သားရှိ ဘုရားဆင်းတုတော်နှင့် ပရိက္ခရာရှစ်ပါးတို့ကို ပေးအပ်လှူဒါန်းပုံ ထုတ်လွှင့်ချက်ဖြစ်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လွိုင်လင်ခရိုင် မြှင့်အားတင်ခရီးဝယ် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီးအတွက် ကုသိုလ်စုတ်ချက် ပြက်ပြက်ထင် ခြယ်သအပြီး ရန်ကုန်ပြန်အရောက် သုံးရက်အကြာမှာ ယင်းသို့သော ရွှေသားစစ်စစ် ဘုရားဆင်းတုတော်နှင့် ပရိက္ခရာရှစ်အင် ဒြပ်ထင်သည့် ရွှေစင်အလှူ ပေါ်ထွန်းလာခြင်းကား စေတီတော်ကြီးအတွက်လည်းကောင်း၊ စေတီတော်ကြီးတည်ရှိရာ ရှမ်းပြည်နယ်နှင့်တကွသော ပြည်ထောင်စုကြီးအတွက်လည်းကောင်း၊ နိုင်ငံတော်အစိုးရအတွက်လည်းကောင်း၊ ဗုဒ္ဓမြတ်စွာသာသနာအတွက်လည်းကောင်း သုနက္ခတ္တံ သုမင်္ဂလံ ပြည့်လျှံဂုဏ်ဖြိုး တန်ခိုးတေဇာ ရောင်ဝါလက်လင်းဘဝဂ်ချဉ်းမျှ ထင်းထင်းကြီး ထင်နေတော့မည့်နိမိတ်ပုံဖြစ်လေတော့၏။

(င)

မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ကြီးတည်ထားကိုးကွယ်ရေးစီမံကိန်းကို အေးရှားဝေါ(လ်)ကုမ္ပဏီက တာဝန်ယူထား၏။ မြေသား၏ အနေအထားကို သိပ္ပံနည်းကျကျ အကြိမ်ကြိမ်စစ်ဆေးခြင်း၊ ငလျင်ဘယ်မျှဖျက်ဖျက် ကမ္ဘာမြေအက်မထွက်သရွေ့ စေတီတော်ကြီးအောက်ခြေမှစကာ မအက်မကွဲ မလဲမပြိုနိုင်စေရန် ပကတိမြေသား ကျင်းပေါင်းများစွာ တူးပစ်ဖယ်ထုတ်ပြီး သံကူကွန်ကရစ် ကျောက်စရစ် ဘိလပ်မြေတို့ဖြင့်သာ မြေတွင်းလုပ်ငန်းကို မြေပြင်ညီအရောက် အခိုင်အခံ့တည်ဆောက်ခြင်း၊ ယင်းမြေပြင်ညီမှ အထက် ၉ပေအမြင့်၊ ပတ်လည်အကျယ် ၃၂၆ စတုရန်းပေကို ရင်ပြင်တော်အဖြစ် ကွန်ကရစ်လောင်းကာ ဖြုန်း၊ကျောက်စရစ်ဖြည့် တည်ဆောက်ခြင်း၊ ယင်းရင်ပြင်တော်မှ အထက်အမြင့်ပေ ၂၀၊ ပတ်လည်ပေ ၂၀၀ကို ဂန္ဓကုဋိတိုက်အဖြစ် တည်ဆောက်ခြင်း၊ ယင်းဂန္ဓကုဋိတိုက်အတွင်းသို့ မုခ်လေးမုခ်မှ ပေ ၄၀ ဝင်သွားလျှင် ရောက်ရှိသွားမည့် အထက်၌ဖော်ပြခဲ့သော အမြင့်ပေ ၅၀၊ အချင်းပေ ၁၂၀ရှိ မဏ္ဍိုင်မပါ အမိုးခုံးလိုဏ်ဂူကို ခေတ်မီနည်းပညာများဖြင့် တည်ဆောက်လျက်ရှိခြင်း။

ယခုအခါ စေတီတော်ကြီး တည်ထားရေးလုပ်ငန်း အရပ်ရပ်တာဝန်ခံများမှာ အေးရှားဝေါ(လ်) ကုမ္ပဏီ စီမံကိန်းမန်နေဂျာ ဦးချစ်သန်းဝင်း၊ အင်ဂျင်နီယာ ဦးတင့်လွင်တို့ဖြစ်ကြပြီး လက်သမားလုပ်သား၊ ပန်းရန်လုပ်သား၊ သံချည်သံကွေးလုပ်သားများ ၃၅၀နှင့် မြန်မာမှုပညာရှင် ဦးအုန်းတင်ဦးဆောင်သော မြန်မာမှုဗိသုကာ လုပ်သားများ၅၀တို့က စံချိန်စံညွှန်းနှင့်အညီ တည်ထားလျက်ရှိပါသည်။

(စ)

နိုင်ငံတော်အစိုးရသည် ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ကွက်လပ်သဖွယ် ကျန်ရစ်ခဲ့သော လွိုင်လင်ခရိုင်ကို ဖွံ့ဖြိုးရေးအထူးဒေသကြီးအဖြစ် သတ်မှတ်လျက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကြေးနန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး စသည်ဖြင့် ဘက်စုံ၊ထောင့်စုံ၊ ကဏ္ဍစုံ အဟုန်မြင့်မိုး ဖွံ့ဖြိုးတိုးတက်လာအောင် အရှိန်မြှင့် တည်ဆောက်ပေးလျက်ရှိ၏။

နိုင်ငံတော်အစိုးရက လွိုင်လင်ခရိုင်အတွက် ဖြည့်ဆည်းပေးအပ်သောစီမံကိန်းအရပ်ရပ်၏တိုးတက်ဖြစ်ထွန်းမှုများကို လေ့လာသုံးသပ်ရန်နှင့် ထပ်မံ ဖြည့်ဆည်းပေးရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ မြှင့်အားတင်ခရီး ပဥ္စမအကျော့အဖြစ် ၂၀၀၄ခုနှစ် မေ၂၄မှ၂၅ရက်အထိ နှစ်ရက်တိုင်တိုင် လွိုင်လင်ခရိုင် အမြို့မြို့သို့ လှည့်လည်ကြည့်ရှု စစ်ဆေးလမ်းညွှန်မှုပေးခဲ့သည်များထဲမှ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ကြီး တည်ထားရေးအတွက် တတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပပေးကာ အလှူငွေပေါင်းကျပ် ၂၀၁၈သိန်းတို့ဖြင့် အားဖြည့် မြှင့်တင်ပေးလေ၏။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတနာရှင်၊ သဒ္ဓါရှင်၊ အလှူရှင်တို့က ခနဉ်စွာအားဖြင့်ငွေသားအလှူ လှူကြသကဲ့သို့ ကိုယ်တိုင်တည်ထားကြသူ တာဝန်ခံများအနေဖြင့်လည်း တရားအလှူ လှူကြရေး အားပေးလမ်းညွှန်ခဲ့ကြောင်း ကြားသိရပါ၏။ တရားအလှူဟူသည် အခြားမဟုတ်ပါ။ အနှစ်သာရရော အသွင်အပြင်ပါ ထူးခြားဆန်းကြယ်လှသော မဟာရဋ္ဌာဘိ သာမဂ္ဂီစေတီတော်ကြီး တည်ထားရာ၌ တာဝန်ခံများအနေဖြင့် ဘာသာရေးအစဉ်အလာကျင့်စဉ်များ မမေ့မလျော့ကျင့်သုံးဖြည့်ဆည်းခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် အဓိဋ္ဌာန်ပါရမီကိုမူ တည်ထားကာ သီလပါရမီ၊ သစ္စာပါရမီ၊ မေတ္တာပါရမီများ ဖြည့်ဆည်းကျင့်သုံးရေး၌ မမေ့မလျော့ရှိကြရန်၊ အဓိဋ္ဌာန်ဖြင့် ကိုးပါးသီလ ဆောက်တည်နိုင်ရန် ဗုဒ္ဓါနုဿတိဘာဝနာနှင့် မေတ္တာဘာဝနာကို အလေးထား ပွားများကြရန် ယင်းသို့သော တရားအလှူ လှူတတ်ကြရန် လမ်းညွှန်ခဲ့ပါသည်။

သို့ဖြင့် လွိုင်လင်ခရိုင်သည် နိုင်ငံတော်အစိုးရ၏ မြှင့်အားကြောင့် မြင့်မားလာလျက်ရှိရာဝယ် ဘာသာ သာသနာရေးအရာတို့၌လည်း မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ပွင့်ပေါ်တော်မူလာခြင်းဖြင့် အလင်းမြင့်တက် ပြိုးပြိုးပြက် ဝင်းလက်တောက်ထိန်နေပါတော့သတည်း။ ။

20-6 (10).p65 1 03/24/1905, 3:37 PM



ဟူးမွန်ကျေးရွာ လယ်မြေဧက ၁၂၀ တွင် ကျင်းပသည့် ဆင်းရွှေလီ စပ်မျိုးစပါးများ မျိုးထုတ်လုပ်သည့် အကွက်များမှ ဝတ်မှုန်ကူးပွဲတော် ပြုလုပ်နေသည် ကို ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်ကြည့်ရှုအားပေးခဲ့စဉ်။ (ဓာတ်ပုံ–မိုးမြင့်လှိုင်)

■ **ကျောဖုံးမှ**

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းဒေသဝမ်းစာဖူလုံမှုရရှိရေးအတွက် ယခင်နှစ် မိုးရာသီတွင် ဆင်းရွှေလီအထူး အထွက်တိုး စပါး ဧကတစ်သိန်းကျော် စိုက်ပျိုးခဲ့ရာ တစ်ဧကပျမ်းမျှ အထွက် နှုန်း ၁၂၆ တင်းရရှိခဲ့သည့် အတွက် ဒေသဝမ်းစာဖူလုံမှုမှာ ၉၀ရာခိုင်နှုန်း ကျော်အထိတိုးတက်မြင့်မားအောင်ဆောင်ရွက်နိုင်ခဲ့သလို တောင်သူလယ် သမားများ၏ တစ်ဦးချင်းဝင်ငွေလည်း တိုးတက်ခဲ့ကြောင်း။

ယခင်နှစ်မိုးရာသီက စပ်မျိုးစပါးများကို မိမိပြည်နယ်၏ ကိုယ်ပိုင်အစီအစဉ်အရ ပထမအဆင့်ကြိုးပမ်းမှုအဖြစ် ၁၂ဧကစမ်းသပ်ထုတ်လုပ်ခဲ့ရာ မျိုးကောင်းမျိုးသန့် (F-1) စုစုပေါင်း မျိုးစပါး ကီလို ၆၅၈၀ ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ယခုနှစ်နွေရာသီတွင် လယ်ဧက၉၄၀၌ စိုက်ပျိုးနိုင်နေပြီဖြစ်ကြောင်း၊ ထိုအတွေ့အကြုံအပေါ်အခြေခံပြီး ဒုတိယအဆင့်ကြိုးပမ်းမှုအဖြစ် ယခုနှစ်နွေရာသီတွင် လယ်ဧက ၁၂၀တို့၌ စပ်မျိုးစပါး ထုတ်လုပ်မှုလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိနေကြောင်း၊ ဤသို့ဆောင်ရွက်၍ရရှိလာသော စပ်မျိုးစပါးများဖြင့် စိုက်ဧက ၁၀၀၀၀ ကျော်တွင် စိုက်ပျိုးစေနိုင်မှာဖြစ်ကြောင်း။

ယခုနှစ်မိုးရာသီတွင်လယ်မြေဧက ၁၂၀၀၌ စပ်မျိုးစပါးများထုတ်လုပ်ခြင်းဖြင့် ပြည်နယ်အတွင်း လိုအပ်သည့် စပ်မျိုးစပါးများကို အပြည့်အဝထုတ်လုပ်သွားနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

ဒေသဝမ်းစာဖူလုံရေး

ထိုသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသဝမ်းစာဖူလုံမှုကြိုးပမ်းရာတွင် တစ်ဧကအထွက်နှုန်း ကောင်းလှသည့် ဆင်းရွှေလီမျိုးစပါးများပြည်နယ်အတွင်း၌ စပ်မျိုးအဖြစ်အောင်မြင်စွာ ထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်းကြားသိရ၍ မိမိတို့ မြန်မာ့အလင်းသတင်းအဖွဲ့တစ်ဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးသို့ ခရီးဆန့်ခဲ့ကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် မြောက်လတ္တီတွဒ် ၂၁ဒီဂရီ ၃၀ မိနစ်နှင့် ၂၄ ဒီဂရီ ၁၁ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၉ မိနစ်နှင့် ၉၉ဒီဂရီ ၃၅ မိနစ်ကြားတွင် တည်ရှိပြီးအရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ကချင်ပြည်နယ်၊တောင်ဘက်တွင် မန္တလေးတိုင်း၊ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ဧရိယာအကျယ် အဝန်းအားဖြင့် ၁၅၁၃၉၆၄၆ ဧက၊ စတုရန်းမိုင်အားဖြင့် ၂၃၃၆၅၅ ဒသမ၇၀ရှိပြီး စုစုပေါင်းလူဦးရေ ၂၂၇၇၄၆၀ (၂ဒသမ ၂၈သန်း)ခန့်ရှိသည်ဟု သိရသည်။

၂၀၀၃–၂၀၀၄ မိုးကြိုနှင့် မိုးသီးနှံ ဧကပေါင်း၁၁၂၆၁၆၅ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မိုးသီးနှံစီမံကိန်းအပေါ်အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းမှာ ၁၀၁ ဒသမ ၅၄ရာခိုင်နှုန်းရှိခဲ့ပြီး တစ်နှစ်ပတ်လုံးသီးနှံများ စိုက်ပျိုးရေးစီမံကိန်းအကောင်အထည်ဖော်နိုင်မှုမှာ ၈၄ ဒသမ ၄၅ ရာခိုင်နှုန်းရှိသည်။

မြစ်ဝှမ်း၊ ချိုင့်ဝှမ်း

သို့သော် ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် တောင်ကုန်းတောင်တန်းများသော ဒေသဖြစ်သည်။ အချို့တောင်တန်းများ၏ ယေဘုယျအမြင့်မှာ ပေ၃၀၀၀ခန့်ဖြစ်သော်လည်း အချို့တောင်တန်းများမှာ ပေ ၇၀၀၀ ကျော်အထိရှိ၍ တောင်တန်းများကြားတွင် မြစ်ဝှမ်း၊ ချိုင့်ဝှမ်းများရှိသည်။ မြစ်ဝှမ်းနှင့်ချိုင့်ဝှမ်းများမှာလည်း အများအားဖြင့် ပေ ၃၀၀၀ အောက်တွင် ရှိကြသည်။ မြေပြန့် စိုက်ပျိုးမြေနည်းပါးပြီး တောင်သူတစ်ဦးချင်းလယ်ယာလုပ်ခွင့် ပိုင်ဆိုင်မှု နည်းကြသည်။ ထို့ကြောင့် ဒေသဝမ်းစာ ဖူလုံရေးကို တစ်ဧကအထွက်နှုန်းတိုးတက်သည့်စပါးများစိုက်ပျိုးခြင်းဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

သို့ဖြစ်၍ ၂၀၀၃ခုနှစ် မိုးရာသီတွင် လားရှိုးမြို့နယ်၌ တစ်ဖက်နိုင်ငံ စီချွမ်ပြည်နယ် Sun Seed Company မှ (D-You.718) စပ်မျိုးစပါးကို မိဘလိုင်းများဖြစ်သော (R) နှင့် (A)မျိုးစေ့များကို ပြည်နယ်အစီအစဉ်ဖြင့် မျိုးစပ်ထုတ်လုပ်ခဲ့ရာ (F-1)စပါးမျိုးစေ့ တစ်ဧကလျှင် ၂၆တင်းနှုန်းထွက်ရှိသော ၁၂ ဧကကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်ဟုသိရသည်။

စပ်မျိုးစပါး

အဆိုပါအောင်မြင်မှုအပေါ်အခြေခံကာ ယခု၂၀၀၄ခုနှစ် နွေရာသီမှ စတင်၍ လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာ မျိုးသန့်ခြံတွင် စပ်မျိုးစပါး (D-You.718)ဖြင့် ဧက ၁၂၀ စမ်းသပ်စိုက်ပျိုးပြီး(F-1) မျိုးစေ့များ ထုတ်လုပ်လျက်ရှိသည်။ ၎င်းတို့မှာ လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဧက၄၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဧက ၄၀၊ နယ်မြေခံအင်ဂျင်နီယာ တပ်ရင်းမှ ဧက ၄၀ တို့ ဖြစ်သည်။

လက်တွေ့ပါဝင်ဆောင်ရွက်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ ၂၀၀၄ခုနှစ် နွေစပါးဧက ၁၂၀(F-1) စပ်မျိုးစပါး ထုတ်လုပ်သည့် လုပ်ငန်းတွင် ဌာနဆိုင်ရာများနှင့်အတူ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနမှ စပ်မျိုးပညာရှင်နှစ်ဦး၊ မော်ဘီ မြန်မာ့ဆန်စပါးသုတေသနဌာနမှ မျိုးစေ့ပညာရှင် တစ်ဦးပေါင်း သုံးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ တာဝန်ထမ်းဆောင်နေသည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှစိုက်ပျိုးရေးဘွဲ့ရနှင့် စိုက်ပျိုးရေး ဒီပလိုမာဘွဲ့ရဝန်ထမ်းသုံးဦးတို့သည်လည်းလက်တွေ့ ပါဝင်ဆောင်ရွက်လျက် ရှိကြသည်။

ထို့အပြင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရှမ်းပြည်နယ် (မြောက်ပိုင်း)ခရီးစဉ်အတွင်း လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာ၌ဆောင်ရွက်သည့် ဆင်းရွှေလီ အထူးအထွက်တိုးစပါး ကောက်စိုက်ပွဲတော် တက်ရောက် အားပေးစဉ်က ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ဆောင်ရွက်နေသော စပ်မျိုးစပါး(D-You. 718)မှ (F-1) မျိုးစေ့ထုတ်လုပ်ငန်းနှင့် ဒေသဆန်ဖူလုံရေးအတွက် တစ်ဧကအထွက်နှုန်းတိုး တက်ရေးလုပ်ငန်းများအောင်မြင်မှုရရှိစေရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှ ကူညီပံ့ပိုးဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင် အဖွဲ့ခေါင်းဆောင်အဖြစ်ဆောင်ရွက်၍ အဖွဲ့ဝင်များအဖြစ် အထွေထွေမန်နေဂျာများ ဖြစ် ကြသော မျိုးစေ့ဌာနခွဲမှ ဒေါက်တာမင်းအောင်၊ ဒေါ်ခင်သန်းနွယ်၊ မန်နေဂျာ ဒေါ်ငွေငွေဝင်း၊ လက်ထောက် မန်နေဂျာ ဦးခင်မောင်ဝင်းနှင့် ဦးမြင့်အောင်တို့ ပါဝင်သောအဖွဲ့သည် ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၄ ရက် အထိ ကွင်းဆင်းလေ့လာခဲ့ကြကြောင်း သိရသည်။

ဟူးမွန်ဒေသ

မြန်မာ့အလင်းသတင်းအဖွဲ့သည် (D-YOU. 718)မှ (F-1)မျိုးစေ့များ ထုတ်လုပ်ရန် စိုက်ပျိုးထားသည့် ဟူးမွန်ဒေသရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာနိုင်ငံရဲတပ်ဖွဲ့စိုက်ခင်း၏ ဧက ၄၀၌ ဝတ်မှုန်ကူးပွဲတော်သို့ မေ ၁၅ရက်က ရောက်ရှိသွားသည်။ အချိန်ကား နံနက် ၁၀ နာရီခန့် ဖြစ်သည်။ မိုးဦးကျရာသီဖြစ်သော်လည်း သာယာသောနေ့ဖြစ်၍ နေရောင်ခြည်တို့က စပါးခင်းများအပေါ်သို့ ထိုးကျနေသည်။

အပင်ပွားကောင်းသည့်အဖိုမျိုး(R) နှင့် အနံ့ထွက်အားကောင်းသည့် အမမျိုး (A) စပါးနှံများ၌ ပွင့်နေကြသော စပါးပန်းများမှာ နေရောင်ခြည်အောက်တွင် တလက်လက်ဖြင့် ဖြူဖွေးလျက်ရှိနေ၏။ ပြည်နယ် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ဟူးမွန်ကျေးရွာမှ တောင်သူလယ်သမားများပါဝင်သော အဖွဲ့သည် လက်တွင်း၌ ငါးပေခန့်ရှိသော ဝါးတုတ်များ နှစ်ချောင်းစီ ကိုင်ဆောင်လျက် ဝတ်မှုန်ကူးခြင်းလုပ်ငန်းကို စင်မြင့်ပေါ်မှ ဝီစီအချက်ပေးသံကိုနားထောင်ရင်း အင်တိုက် အားတိုက် ဆောင်ရွက်လျက်ရှိကြသည်။

“ဝတ်မှုန်ကူးသည့် လုပ်ငန်းမှာ သဘာဝအလျောက်လေပြည်လေညင်းအကူအညီဖြင့် အဖိုမျိုးနှင့်အမမျိုးတို့ ဝတ်မှုန်ကူး၍ ရသော်လည်း ရာနှုန်းအားဖြင့် ၆၀ သာ စိတ်ချရသည် ဖြစ်၍ ရာနှုန်းပြည့် အောင်မြင်နိုင်ရန် ယခုကဲ့သို့ လူ၏ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်သည်”ဟု ဟူးမွန်ရွာ ဝတ်မှုန်ကူးပွဲတော်တွင် ကိုယ်တိုင်ပါဝင်ကြီးကြပ် လုပ်ကိုင်ဆောင်ရွက်နေသည့် ပြည်နယ် ရဲမှူးကြီး ဝင်းနိုင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဝတ်မှုန်ကူးခြင်း

ဝတ်မှုန်ကူးခြင်း လုပ်ငန်းသည် စပါးများပန်းပွင့်ချိန်၌ ဝတ်မှုန်ကူးမှုများ များပြားစေရန် အမမျိုး၏ အပေါ်ပိုင်းကို တုတ်ရှည်နှစ်ချောင်း၏ အကူအညီယူ၍ လူအားဖြင့် လှုပ်ခါပေးခြင်းဖြစ်သည်။ ဤနည်းဖြင့် စပါးပင်များ၏ ဝတ်မှုန်အိတ်မှ ဝတ်မှုန်အားလုံး အမိမျိုး အပင်ပေါ်သို့ ဝတ်မှုန်များ ညီညာစွာ ကွဲလွင့်ကျစေခြင်းဖြင့် အမမျိုးတွင် အစေ့တည်မှု မြင့်မားစေခြင်းဖြစ်သည်။

ဒေသဝမ်းစာဖူလုံစေမည်

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒေသဝမ်းစာ ဖူလုံမှု ကြိုးပမ်းရာမှာ တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိနေသည်။ လယ်ယာကဏ္ဍ၏ တိုးတက်မှုအခြေအနေကို ပြန်ကြည့်လျှင် ၁၉၉၈ခုနှစ်က စိုက်ပျိုးမြေ ၅၆၀၀၀၀ကျော်ရှိခဲ့ပြီး ယခုအခါတွင် စိုက်ပျိုးမြေ ၉၀၈၅၆၅ဧကကျော်အထိ တိုးတက်လာပြီဖြစ်သည်။ ထို့အပြင် တစ်နှစ်ပတ်လုံးသီးနှံမျိုးစုံ စိုက်ပျိုးနိုင်မှုမှာ ယခုအခါ ဧက၁၁သိန်းကျော်အထိ တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ တစ်ဧကစပါးတင်း၂၀၀ ထွက်ရှိရေးအတွက် ဦးတည်၍ ဆင်းရွှေလီအထွက်တိုးစပါးမျိုးများကိုလည်း ဒေသတွင်း၌ မျိုးစပ်ထုတ်လုပ်နိုင်ပြီဖြစ်ရာ မကြာမီကာလအတွင်း ဒေသအတွင်း ဝမ်းစာဖူလုံမှု ဖြစ်ထွန်းလာတော့မည်ဖြစ်ပါကြောင်းရေးသားတင်ပြရပါသည်။ ။ **(မြန်မာ့အလင်း)**

ချောက်မြို့မဟာစည်ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါတွင်းဆည်းဆာတရားပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၉

မကွေးတိုင်း ချောက်မြို့ အေးစေတီရပ် ဇမ္ဗူဒီပ မဟာစည်သာသနာ့ရိပ်သာ၌ လာမည့်ဇူလိုင် ၃၁ ရက် (ဒုတိယဝါဆိုလပြည့်နေ့)တွင် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူကြမည်ဖြစ်သည်။ ဥပုသ်နေ့တိုင်းညနေ ၄နာရီတွင် မဟာစည်နယ်လှည့်ဓမ္မကထိကဆရာတော်များဖြစ်ကြသော ဦးဝိဇ္ဇာသိဒ္ဓိ(ရွှေမြန်မာ)၊ ဦးဥတ္တမ(ငွေးချို)၊ ဦးသာဂရ (ကျောက်ပန်းတောင်း)၊ ဦးကုမာရ (စလင်း)နှင့် ဦးသုမန(ဆိပ်ဖြူ)တို့က အလှည့်ကျ တရားတော်များ ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာတွင် (D-You. 718) မှ (F-1) မျိုးစေ့ထုတ်လုပ်ရန် စိုက်ပျိုးထားသော မိဘလိုင်းများဖြစ်သည့် (R) နှင့် (A) စပါးခင်းများတွင် ဝတ်မှုန်ကူးပွဲတော် ကျင်းပနေသည်ကို မေ ၁၈ ရက်က ဤသို့တွေ့ခဲ့ရသည်။ (ဓာတ်ပုံ–မိုးမြင့်လှိုင်)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုကြိုဆို သီလရှင်သင်အမျိုးသမီးပညာရေးကျောင်းသို့ပစ္စည်းနှင့်ငွေများလှူဒါန်း

ရန်ကုန် ဇွန် ၁၉

၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာ့အမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ အကြံပေးပုဂ္ဂိုလ် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်ဌေးမြင့်က ကြီးမှူး၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်များ၊ အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်ရှိ ဝိသာခါ သီလရှင်သင် အမျိုးသမီးပညာရေးကျောင်း အမှတ်(၁)ရှိ မိဘမဲ့ကလေးများနှင့် ရပ်ကွက်အတွင်းရှိ ကလေးသူငယ်များ စုစုပေါင်း ၁၆၀ ကျော်တို့အား ဆန်၊ ဆီ၊ အာလူး၊ မြေပဲ၊ ငါးခြောက်၊ ဆပ်ပြာ စသည့် ကုန်ခြောက်ပစ္စည်းများ၊ အစားအစာပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ခဲတံ၊ဘောလ်ပင်နှင့်အဝတ်အထည်မျိုးစုံ၊ ကျောင်းတိုက်ဝေယျာဝစ္စအတွက် ဝတ္ထုငွေကျပ် ၄၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဆရာလေးဒေါ်ကိသရထေရီနှင့် ဒေါ်ဇေယျာနန္ဒီတို့က လက်ခံ၍ ကျေးဇူးတင်အနုမောဒနာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းအလေးမပြိုင်ပွဲ နှစ်ဆင့်မစံချိန်သစ်တင်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဆဋ္ဌမအကြိမ်မြောက် တံခွန်စိုက်အလေးမပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် စတင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အားပေးပြီး (အပေါ်ပုံ) ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန်လေးချက် ရွတ်ဆိုပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်း၍ အမျိုးသမီး အလေးမ အလွတ်တန်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အမျိုးသမီးအလွတ်တန်း ၄၈ ကီလိုတန်းအလေးမပြိုင်ပွဲတွင် ပထမ နန်းအေးခိုင်(ပဏာမလက်ရွေးစင်)၊ဒုတိယ ကြည်ကြည်သန်း(ရထား)၊ တတိယ ဝေနီထွန်းတို့ရရှိပြီး နန်းအေးခိုင်သည် နှစ်ဆင့်မတွင် စံချိန်ဟောင်း ၁၁၂ကီလိုထက်သာလွန်ကောင်းမွန်သည့် ၁၁၃ ကီလိုကိုမကာ မြန်မာပြည် စံချိန်သစ်တင်လိုက်နိုင်သည်။ ဆုများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် ဒေါ်ဝင်းရီက ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးအလွတ်တန်း ၅၃ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆု သောရေဖော(လယ်/ဆည်)၊ ဒုတိယဆု ပဏာမလက်ရွေးစင် ကေသီဝင်း(မြို့တော်စည်ပင်)တို့ရရှိပြီး ဆုများကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် ဒေါ်စံယုံက ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

အမျိုးသမီး အလွတ်တန်းပြိုင်ပွဲ ၅၈ကီလိုတန်းတွင် ပထမရွှေစင်ဝင်း(ရထား)၊ဒုတိယ နန်းစေးဖောင်(ရထား)နှင့် တတိယ သဲသဲတို့ရရှိသည်။ ဆုများကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် ဒေါ်ကြူကြူဝင်းက ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးအလွတ်တန်း ၆၈ ကီလိုတန်းပြိုင်ပွဲတွင် ပထမ ခင်မိုးနွယ်(စက်မှု–၁)၊ ဒုတိယ အိအိမွန် (လယ်/ဆည်) နှင့် တတိယ နော်ဖောဂေး(ရထား)တို့ ရရှိပြီး ဆုများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် ဒေါ်အေးအေးက ပေးအပ်ချီးမြှင့်သည်။ ပြိုင်ပွဲများကို ဇွန် ၂၀ ရက် (ယနေ့)တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။

(မြန်မာ့အလင်း)

မင်္ဂလာတောင်ညွန့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဆိုင်းဘုတ် တင်အခမ်းအနားကို စံပြ ဖဆပလရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဇွန် ၁၉ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

အိုလံပစ်နေ့အထိမ်းအမှတ်ဘော်လီဘောပြိုင်ပွဲနှင့် ပြည်နယ်နှင့်တိုင်းဘော်လီဘောပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဇွန် ၁၉

၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် အသက် ၁၈နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ဘော်လီဘောလေ့ကျင့်ရေးရုံတွင် ဇွန် ၂၀ ရက် **(ယနေ့)**မှ ၂၃ရက်အထိလည်းကောင်း၊ ဒသမအကြိမ် ပြည်နယ်နှင့်တိုင်း (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘော ပြိုင်ပွဲများကို ဇွန် ၂၃ ရက်မှ ၃၀ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံတွင်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး နေ့စဉ် နံနက် ၈ နာရီမှ ပြိုင်ပွဲများစတင်ကျင်းပပြီး ဇွန် ၂၃ ရက် ညနေ ၃ နာရီတွင် ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနှင့်(၁၃)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြိုင်ပွဲသို့ ပါဝင်ဆင်နွှဲမည့် လူငယ်လက်ရွေးစင်အသင်းတို့ လက်ရည်စစ်ပွဲကျင်းပမည်ဖြစ်ရာ ဘော်လီဘောဝါသနာအိုးများ အခမဲ့ ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၈–၆–၂၀၀၄

စစ်တွေမြို့	၉ ဒသမ ၂၁ လက်မ
မောင်တောမြို့	၆ ဒသမ ၈၁ လက်မ
သထုံမြို့	၆ ဒသမ ၅၃ လက်မ
အမ်းမြို့	၅ ဒသမ ၅၉ လက်မ
ဘားအံမြို့	၅ ဒသမ ၅၁ လက်မ
သံတွဲမြို့	၄ ဒသမ ၈၈ လက်မ
ကျောက်ဖြူမြို့	၄ ဒသမ ၆၈ လက်မ
မြိတ်မြို့	၄ ဒသမ ၆၁ လက်မ
ရွှေကျင်မြို့	၄ ဒသမ ၂၅ လက်မ
ဇောင်းတူမြို့	၃ ဒသမ ၈၆ လက်မ
ထားဝယ်မြို့	၃ ဒသမ ၅၀ လက်မ
ခန္တီးမြို့	၃ ဒသမ ၄၂ လက်မ
ကျောက်တော်မြို့	၃ ဒသမ ၃၁ လက်မ
ဂွမြို့	၃ ဒသမ ၂၃ လက်မ
ဟသ်ာတမြို့	၃ ဒသမ ၀၃ လက်မ

မြန်မာနိုင်ငံအောက်ပိုင်းနှင့်ရခိုင်ပြည်နယ်၌မိုးကြီးနိုင်

ရန်ကုန် ဇွန် ၁၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်များအရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရန်ကုန်တိုင်းတွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ကာ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်၍မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကာ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအလွန်ကောင်းနေကြောင်း သိရသည်။

ဇွန် ၂၀ ရက် ညနေအထိခန့်မှန်းချက်အရ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၌ ဒေသအလိုက်နှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(မြန်မာ့အလင်း)

သမဝါယမဘဏ်လီမိတက် စာနယ်ဇင်းများနှင့်တွေ့ဆုံရှင်းလင်း

ရန်ကုန် ဇွန် ၁၉

သမဝါယမဘဏ်လီမိတက် (CB Bank)အား အခြေခံဘဏ်အဖြစ်ထားရှိလျက် သမဝါယမမြှင့်တင်ရေးဘဏ်လီမိတက်နှင့် တောင်သူလယ်သမားများ သမဝါယမဘဏ်လီမိတက်တို့က ပူးပေါင်းပြီး ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှု အပြည့်အဝပေးနိုင်မည့် သမဝါယမဘဏ်လီမိတက် (CB Bank) (အများနှင့်သက်ဆိုင်သော ဘဏ်ကုမ္ပဏီလီမိတက်)နှင့် စာနယ်ဇင်းများနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကစာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ သမဝါယမဘဏ်လီမိတက် (CB Bank) မှ အမှုဆောင်အရာရှိချုပ် ဦးခင်မောင်အေး၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သမဝါယမဘဏ်လီမိတက် (CB Bank)(အများနှင့် သက်ဆိုင်သော ဘဏ်ကုမ္ပဏီလီမိတက်)၊ ဒါရိုက်တာအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) အမှုဆောင်အရာရှိချုပ်ဦးခင်မောင်အေး **(အပေါ်ပုံ)**နှင့်ဒါရိုက်တာဦးကျော်လင်းတို့က အသီးသီးရှင်းလင်းပြောကြားကြပြီးနောက် တက်ရောက်လာကြသည့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ၏ မေးမြန်းချက်များကို အမှုဆောင်အရာရှိချုပ် ဦးခင်မောင်အေး၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

● ကျောဖုံးမှ

အုပ်စု ဒုတိယမြောက်ပွဲစဉ်များ ဇွန် ၂၀ ရက်ကပြီးဆုံးသွားခဲ့ပြီဖြစ်ရာ အုပ်စု နောက်ဆုံးပွဲစဉ်များကို ဇွန် ၂၁ ရက်မှ စတင်၍ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အုပ်စု(က)မှ နောက်ဆုံးပွဲစဉ်များကို ဇွန်၂၁ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ၁၅မိနစ်တွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ရာ အိမ်ရှင်ပေါ်တူဂီနှင့် စပိန်၊ ဂရိနှင့် ရုရှားတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ပေါ်တူဂီနှင့်စပိန်

အိမ်ရှင်ပေါ်တူဂီနှင့် စပိန်တို့ ၏ အုပ်စုနောက်ဆုံးပွဲစဉ်သည် အုပ်စုတက်ရေးအတွက် အဆုံးအဖြတ်ပွဲစဉ်ဖြစ်၍ တစ်ချက်အမှားမခံသော အနေအထားပင်ဖြစ်သည်။ လက်ရှိအမှတ် ရရှိထားမှုအရ စပိန်အသင်းက သရေဆိုလျှင်ပင် အုပ်စုတက်မည်ဖြစ်သော်လည်း အိမ်ရှင်ပေါ်တူဂီအသင်းမှာ အနိုင်ကစားမှသာအုပ်စုတက်မည်ဖြစ်၍ ပေါ်တူဂီအသင်းအတွက် ဖောင်ဖျက်ကစားရမည့် ပွဲစဉ်လည်းဖြစ်သည်။

နည်းဗျူဟာပြိုင်ရမည်

အိမ်ရှင်ပေါ်တူဂီအသင်းနှင့် စပိန်ပွဲတွင် နှစ်ဖက်ကစားသမားများရေကုန်ရေခန်း ယှဉ်ပြိုင်ကြရမည်ဖြစ်သလို နည်းပြဆရာနှစ်ဦး၏ နည်းဗျူဟာအားပြိုင်ပွဲဆိုပါကလည်း မမှားပေ။ ပေါ်တူဂီနည်းပြစကိုလာရီသည် နည်းဗျူဟာကျွမ်းကျင်သော နည်းပြကောင်းတစ်ဦးဖြစ်သကဲ့သို့ စပိန်နည်းပြအီနာကီဆာရက်ဇ်သည်လည်းအရည်အချင်းပြည့်ဝသောနည်းပြကောင်းတစ်ဦးဖြစ်သည်။ စပိန်နည်းပြအီနာကီဆာရက်ဇ်သည် ယခင်နည်းပြဟောင်း ကမာချို နေရာတွင် ဆက်ခံခဲ့ပြီးနောက် စပိန်အသင်းခြေစွမ်းတိုးတက်လာမှု ရှိသလို ရလဒ်များလည်း ကောင်းမွန်လာခဲ့သည်။ နည်းပြအီနာကီဆာရက်ဇ်သည် စပိန်လက်ရွေးစင်အသင်းကို မကိုင်တွယ်မီက စပိန်လူငယ်အသင်းအား အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

စပိန်နည်းပြအီနာကီဆာရက်ဇ်နှင့် ပေါ်တူဂီနည်းပြစကိုလာရီတို့ကို နှိုင်းယှဉ်ကြည့်လျှင် စကိုလာရီက နည်းဗျူဟာ၊ နည်းစနစ် ပိုင်နိုင်ကျွမ်းကျင်မှုရှိသော်လည်း ခေါင်းမာသည့်အကျင့်ရှိသည်။ ပေါ်တူဂီအသင်းသည် အဖွင့်ပွဲစဉ်၌ ဂရိအသင်းကို ရှုံးခဲ့ရသည်မှာ နည်းပြ စကိုလာရီခေါင်းမာ၍ ရှုံးခဲ့ရသည်ဟုဆိုနိုင်သည်။ စကိုလာရီသည် မန်ယူ၌ခြေစွမ်းပြနေသော ခရစ္စတီယာနိုရော်နယ်ဒိုကိုအရန်ခုံ၌သာထိုင်ခိုင်းပြီး ဒုတိယပိုင်းမှသာ လူစားလဲခဲ့သည်။ ထို့အတူ ပေါ်တိုအသင်းမှ ဒေကိုနှင့် ယူရို ၂၀၀၀ပြိုင်ပွဲ၌ ခြေစွမ်းပြခဲ့သော နူနိုဂိုမက်တို့ကို ဒုတိယပိုင်းမှသာ ထည့်သုံးခဲ့သည်။

ယခု အုပ်စုနောက်ဆုံးပွဲစဉ်၌ စကိုလာရီခေါင်းမမာဘဲ ခရစ္စတီယာနိုရော်နယ်ဒိုကို ထည့်သုံးခဲ့လျှင် စပိန်နောက်တန်းထိန်းရခက်ပြီး လူးဝစ္စဖီဂိုအတွက် နေရာလွတ်များရရှိနိုင်သည်။ စပိန်နည်းပြ အီနာကီဆာရက်ဇ်သည် စပိန်အသင်းကိုဖွဲ့စည်းရာ၌ လက်ရွေးစင်ဟောင်းများနှင့် လူငယ်သွေးသစ်များကို ပေါင်းစပ်အားဖြည့်ကာ တောင့်တင်းသောအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ပေါ်တူဂီအသင်း

ပေါ်တူဂီအသင်းနှင့် စပိန် အသင်းတို့ကို ကစားသမားအင်အားချင်းယှဉ်ကြည့်ပါက မကွာလှပေ။ နှစ်သင်းစလုံး၌ နာမည်ကျော်များ ပါဝင်နေသလို ဥရောပဘောလုံးကလပ် အသင်းကြီးများ၌ ခြေစွမ်းပြ ကစားနေကြသူများဖြစ်သည်။

ပေါ်တူဂီ၏ အားနည်းချက်မှာ နောက်တန်းပင်ဖြစ်သည်။ စပိန်နှင့် ယှဉ်ကြည့်လျှင် ပေါ်တူဂီနောက်တန်း အားနည်းနေသည်။ ဂရိနှင့်ပွဲတွင် ပေါ်တူဂီ နောက်တန်းအမှားကြောင့် ပထမဂိုးပေးလိုက်ရသလို ဒုတိယဂိုးကိုလည်း ပယ်နယ်တီ ပြစ်ဒဏ်ဘောမှ တစ်ဆင့် ပေးလိုက်ရခြင်းဖြစ်သည်။ စပိန်အသင်းက ဂရိထက်ပို၍ မြန်သည်ဖြစ်ရာ ပေါ်တူဂီနောက်တန်းများလျှင် ခံစားသွားရနိုင်သည်။

စပိန်အသင်း

ယူရို၂၀၀၄ပြိုင်ပွဲဝင် စပိန်အသင်းသည် ရှေ့လယ်နောက်ညီညွတ်ပြီး တောင့်တင်းသော အသင်းဖြစ်သည်။ နောက်တန်း၌ ဒဏ်ရာရရှိသွားသော ဆာလ်ဂါဒို မပါဝင်နိုင်သည်ကလွဲလျှင် ဟယ်လ်ဂွဲယား(ရီးယဲမက်ဒရစ်)၊ ပူးယိုလ်(ဘာစီလိုနာ)၊ မာချီနာ(ဗလန် စီယာ)၊ ရာအူးလ်ဘရာဗို(ရီးယဲမက်ဒရစ်)နှင့်ဆီစာမာတင်(ဒီပို့တီဗို)တို့ ကမ္ဘာ့အဆင့်မီ နောက်တန်းများဖြစ်သည်။ စပိန်အသင်း၏အဓိကအားသာချက်မှာ တိုက်စစ်ဆင်ရာတွင် အလယ်တန်းလူများ အံ့နှင့်ကျင်းနှင့်ပါလာပြီး လျင်မြန်မှုရှိခြင်းပင်ဖြစ်သည်။

နှိုင်းယှဉ်သုံးသပ်ရသော်

စပိန်ဂိုးသမား ကာဆီးလက်(ရီးယဲမက်ဒရစ်)သည် ပေါ်တူဂီအတွက် ဂိုးသွင်းရခက်မည့်အနေအထားဖြစ်သည်။ ပေါ်တူဂီအသင်းကွင်းလယ်၌ လူးဝစ္စဖီဂိုသာအဓိကကျနေရာ ခရစ္စတီယာနိုရော်နယ်ဒိုမပါလျှင် စပိန်အလယ်တန်း အသာစီးရသွားနိုင်သည်။ ပေါ်တူဂီ နောက်တန်းအထနေ့း၌ စပိန်ရှေ့တန်းကို ထိန်းရခက်နိုင်သော်လည်း စပိန်နောက်တန်းက ပေါ်တူဂီတိုက်စစ်ကို ကောင်းကောင်း ထိန်းနိုင်စွမ်းရှိသည်။ ရှေ့တန်းချင်းယှဉ်လျှင် မကွာလှသော်လည်း စပိန်တိုက်စစ်မှူးများကပို၍အဆုံးသတ်ပိုင်နိုင်ကြသည်။ စပိန်အသင်းခေါင်းဆောင် ရာအူးလ်ဂွန်ဇာလက် ခြေစွမ်းပြခဲ့လျှင် ပေါ်တူဂီအသင်း ခံစားသွားရနိုင်သည်။

နည်းပြချင်းယှဉ်လျှင် စကိုလာရီက အီနာကီဆာရက်ဇ်ထက် ခေါင်းတစ်လုံးမကွာသော်လည်း တစ်ပွဲထိုးနည်းဗျူဟာအသုံးချတတ်မှုတွင် စကိုလာရီက လက်ဦးမှုရယူသွားနိုင်သည်။ ပေါ်တူဂီအသင်းအနိုင်ရရှိရေးအတွက် အခွင့်အရေးမှာ အိမ်ရှင်ဆိုသော အားသာချက်ပင်ဖြစ်သည်။ အိမ်ရှင်ပရိသတ်၏အားပေးမှုနှင့်အတူ ကွင်းလယ် ဒိုင်လူကြီးကလည်း အိမ်ရှင်ပရိသတ်၏အနေအထားကိုတွက်ဆ၍ ဥပဒေအတွင်းမှပါးပါးလေးပံ့ပိုးမှုပေးခဲ့လျှင်စပိန်တို့ရင်ခံသွားနိုင်သည်။ စပိန်အနေဖြင့် သရေဆိုလျှင်ဖြစ်သော်လည်း သရေမှန်းကစားလျှင်မှားပေလိမ့်မည်။ စပိန်နှင့်ပေါ်တူဂီပွဲတွင် ဂိုးစသွင်းနိုင်သူကပို၍နိုင်ချေများနေသည်။ သို့ဖြစ်ရာ စပိန်အသင်းအနေဖြင့်ဂိုးမပေးရရေးပိတ်ကစားရုံနှင့်မဖြစ်နိုင်ဘဲတိုက်စစ်ဦးစားပေးရမည်သာဖြစ်သည်။

အိမ်ရှင်တက်နိုင်

ပေါ်တူဂီအသင်း၌ ပါဝင်နေသော ကစားသမားများသည် ပေါ်တူဂီလူငယ်အသင်းနှင့်အတူ အောင်မြင်မှု

အုပ်စု(ဂ)မှ အီတလီနှင့် ဆွီဒင်ပွဲတွင် အီတလီအတွက် ဦးဆောင်ဂိုးကို ကာဆာနိုက ဤသို့ခေါင်းတိုက် သွင်းယူခဲ့သည်။ (ဓာတ်ပုံ- အင်တာနက်)

ရရှိခဲ့သော်လည်း လက်ရွေးစင်အသင်းနှင့်အောင်မြင်မှု မြင့်မြင့်မားမား မရဖူးသေးပေ။ ပေါ်တူဂီအသင်းသည် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလား ပွဲတွင်အုပ်စုမှ ထွက်ခဲ့ရသည်။ ပေါ်တူဂီ နှင့်စပိန်တို့အနက် ပေါ်တူဂီတို့က နိုင်လိုစိတ်ပို၍ မြင့်မားနေပြီး ဖောင်ဖျက်ကစားရမည့် အနေအထားဖြစ်သည်။ စပိန်တို့က နိုင်ငံ့လက်ရွေးစင်အသင်းထက် ကလပ်အသင်းများ၌သာပို၍ ခြေစွမ်းပြလေ့ရှိပြီး ကမ္ဘာ့အဆင့်ပြိုင်ပွဲများ၌ မြင်းကောင်းခွာလိပ် ဖြစ်လေ့ရှိသည်။ ဤအခြေအနေအရပ်ရပ်ကို သုံးသပ်၍ အဖြေထုတ်ကြည့်မည်ဆိုလျှင် စာရေးသူအနေဖြင့် အိမ်ရှင် ပေါ်တူဂီကစပိန်ကိုအနိုင်ရပြီး ကွာတားဖိုင်နယ်တက်သွားလိမ့်မည်ဟု ထင်နေမိသည်။

ဂရိနှင့်ရုရှား

ဂရိနှင့်ရုရှားပွဲသည် နှစ်သင်းစလုံးအတွက်ဖိအားမပါဘဲ ကစားရခြင်းဖြစ်သည်။ ရုရှားအသင်းသည် နှစ်ပွဲရှုံးထားပြီးဖြစ်၍ ယခုပွဲတွင် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ အိမ်ပြန်ရန် သေချာနေပြီဖြစ်ရာ အိမ်အပြန် မျက်နှာပန်းလှရေးအတွက်သာ ကစားရခြင်းဖြစ်သည်။ ဂရိအသင်းသည် (၄)မှတ်ရထားပြီးဖြစ်၍ အုပ်စုတက်ရန် အလားအလာအကောင်းဆုံးဖြစ်နေပြီးရုရှားကိုသရေကစားရုံဖြင့်ပေါ်တူဂီ စပိန်ပွဲအဖြေကိုကြည့်ရန်မလိုဘဲ အုပ်စုတက်ခွင့်ရမည်ဖြစ်သည်။

ရုရှားအသင်းသည် လူစုံတက်စုံနှင့် မျှော်လင့်ချက် မကုန်သေးသည့် အနေထားဆိုလျှင်ပင်ဂရိကိုအနိုင်ကစားရန်မလွယ်လှပေ။ ယခုလို ရုရှားအသင်း၌နည်းပြနှင့်ကစားသမားများကြား ပြဿနာအချို့ရှိနေသလို အမာခံကစားသမားများအနီကတ်ထိထား၍ ပွဲပယ်ခံရသည့်အခြေအနေတွင် ဂရိကို သရေပင်ခံကစားနိုင်မည်မထင်ပေ။ ရုရှားနည်းပြ ဂျော်ဂျီယက်ဆက်ဗ်က အလယ်တန်းလူ မော်စတိုဗွိုင်အား ၎င်း၏နည်းစနစ်အပေါ်ဝေဖန်သဖြင့် အသင်းမှထုတ်ပယ်လိုက်ရာ ပေါ်တူဂီနှင့်မကစားမီကပင် အသင်းမှ ထွက်သွားခဲ့ရသည်။

ပေါ်တူဂီနှင့်ပွဲတွင် ရုရှားအသင်းမှ ဂိုးသမားကြီးအိုချင်နီကော့ဗ်က ၁ဂကိုက်စည်းအပြင်၌ ဘောလုံးကို ကောက်ယူမိသဖြင့်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ဂရိနှင့်ပွဲတွင် ဂိုးသမားကြီး အိုချင်နီကော့ဗ်မပါနိုင်သည်မှာ ရုရှားအသင်းအထူးအားနည်းသွားနိုင်သည်။

ဂရိနိုင်မည်

ရုရှားအသင်းအနေဖြင့် အိမ်အပြန်မျက်နှာပန်းလှရေးအတွက် ဂရိကိုအနိုင်ကစားရန် စိတ်ကူးထားနိုင်သော်လည်း အုပ်စုတက်ရန် မျှော်လင့်ချက်များနေသည့် ဂရိအသင်းက ရုရှားကိုအနိုင်ယူပြီး အုပ်စုပထမရရှိသွားမည်ဟု စာရေးသူ ကြိုတင်မြင်ယောင်နေမိပေသည်။ ။ **(မြန်မာ့အလင်း)**



အီတလီနှင့်ဆွီဒင်ပွဲတွင် ဆွီဒင်အတွက်ချေပဂိုးကို အီဗရာဟီမိုဗစ်က သွင်းယူလိုက်ရာ ဤသို့ဂိုးဝင်သွားသည်။ (ဓာတ်ပုံ- အင်တာနက်)

■ **အုပ်စု(က) ရပ်တည်မှုအနေအထား**

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ဂရိ	၂	၁	၁	–	၃	၂	၄
၂	စပိန်	၂	၁	၁	–	၂	၁	၄
၃	ပေါ်တူဂီ	၂	၁	–	၁	၃	၂	၃
၄	ရုရှား	၂	–	–	၂	၀	၃	၀

■ **အုပ်စု(ဂ) ရပ်တည်မှုအနေအထား**

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ဆွီဒင်	၂	၁	၁	–	၆	၁	၄
၂	ဒိန်းမတ်	၂	၁	၁	–	၂	၀	၄
၃	အီတလီ	၂	–	၂	–	၁	၁	၂
၄	ဘူဂေးရီးယား	၂	–	–	၂	၀	၇	၀

နာမည်ကြီးအီတလီနှင့်အဝါရောင်ဆွီဒင်သရေကျ ဒိန်းမတ်က ဘူဂေးရီးယားကို နှစ်ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဇွန် ၁၉

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (Euro 2004) ကို ပေါ်တူဂီနိုင်ငံ၌ကျင်းပလျက်ရှိရာ အုပ်စုပွဲစဉ်များ မပြီးပြတ်သေးဘဲ ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိကြသည်။ အုပ်စု(ဂ)ပွဲစဉ်များအဖြစ် ဇွန် ၁၈ရက် မြန်မာစံတော်ချိန် ည ၁၀နာရီခွဲတွင် ဒိန်းမတ်အသင်းနှင့် ဘူဂေးရီးယားအသင်းတို့ယှဉ်ပြိုင်ကစားရာ ဒိန်းမတ်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဇွန် ၁၉ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ၁၅မိနစ် အီတလီအသင်းနှင့် ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေပွဲ ဖြစ်သွားသည်။

ဒိန်းမတ်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၄၄မိနစ်တွင် တိုက်စစ်မှူး တိုမာဆင်(အေစီမီလန်)က သွင်းယူပေးသည်။ ဒုတိယဂိုးကို ပွဲချိန် မိနစ်၉၀တွင် ဂရွန်ဂျာ(ချယ်လ်ဆီး)က သွင်းယူသည်။ ဂရွန်ဂျာသည် မိခင်ကွယ်လွန်သွားပြီးနောက် ပေါ်တူဂီနိုင်ငံသို့ လိုက်လာကာ ယခုပွဲမှ စတင်ကစားခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ဘူဂေးရီးယားအသင်းက ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် ဝိုင်းဝန်းကန့်ကွက်ပြောဆိုရာမှ အသင်းခေါင်းဆောင် ပီထရော့ဗ် နှစ်ဝါအနီကတ်ဖြင့်ထုတ်ပယ်ခြင်းခံရပြီး ၁၀ဦးတည်းဖြင့် ကစားသွားရသည်။ ပွဲပြီးခါနီးတွင် ဒိန်းမတ်အသင်းက တတိယဂိုးရနိုင်သည့် အခွင့်အရေးပေါ်ခဲ့သော်လည်း ကန်သွင်းသည့် ဘောလုံးဂိုးဘားတန်းထိပြီးထွက်သွားသည်။

အီတလီနှင့်ဆွီဒင်

အီတလီက ပထမပိုင်း၌ ဦးဆောင်ဂိုးသွင်းယူပြီး ဆွီဒင်အသင်းက ဒုတိယပိုင်းပြီးရန် ငါးမိနစ်ခန့်အလိုတွင် ချေပဂိုးရရှိသွား ခြင်းဖြစ်သည်။

အီတလီအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၃၇ မိနစ်တွင် နောက်တန်းလူ ပနူချီ ညာကြောမှ ဆွဲတက်လာပြီး ဆွီဒင်ဂိုးရှေ့သို့ ကန့်လန့်ဖြတ်ချိုး ပေးရာ အလယ်တန်းလူ ကာဆာနိုက ခေါင်းတိုက်သွင်းယူသည်။ ဆွီဒင်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် အီတလီဂိုးရှေ့၌ ရှုပ်ယှက်ခတ်နေစဉ် ဂိုးသမား ဘူဖွန်နောက်မှ ကာထားသည့်ကြားမှ ဆွီဒင်တိုက်စစ်မှူး အီဗရာဟီမိုဗစ်က နောက်ပြန်ပက်သွင်းယူသည်။

အဝါကတ်ထိ

အီတလီအသင်းမှ တိုက်စစ်မှူး ဗီယာရီ ခေါင်းတိုက်ခွင့် ငါးကြိမ်ခန့်ရသော်လည်း ငါးကြိမ်စလုံး ဂိုးအပေါ်မှ ကျော်သွားခဲ့သည်။ အီတလီအသင်းမှ ဇမ်ဘရော့တာ ခြေစွမ်းပြကစားခဲ့သည်။ အီတလီမှ ဇမ်ဘရော့တာနှင့် ဂတ်တူဆို၊ ဆွီဒင်မှလင်စရော့ဒ်တို့ အဝါကတ်များ ပြခံခဲ့ရသည်။

အီတလီနှင့် ဆွီဒင်သရေကျသွား၍ ဆွီဒင်အလားအလာကောင်းသွားပြီး အီတလီအသင်း မရေမရာဖြစ်သွားသည်။ အုပ်စုနောက်ဆုံးပွဲတွင် အီတလီက ဘူဂေးရီးယားကို အနိုင်ရဖွယ်ရှိသော်လည်း ဆွီဒင်နှင့်ဒိန်းမတ် သရေကျသွားလျှင် (၅)မှတ်စီ တူညီသွားကာ ဂိုးကွာခြားချက်နှင့် ဆုံးဖြတ်ရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အိုလံပစ်နေ့ အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က ကြီးမှူး၍ အိုလံပစ်နေ့ အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲများကို ယနေ့နံနက်က အင်းလျားကန်တွင်ကျင်းပရာ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးမိုးမြင့်နှင့်အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

ရွက်လှေပြိုင်ပွဲ ဗိုလ်လုပွဲကို ဇွန် ၂၀ရက် **(ယနေ့)**နံနက်ပိုင်းမှ စတင်ကျင်းပ၍ ညနေ ၅နာရီတွင် ဆုပေးပွဲ အခမ်းအနား ကျင်းပမည်ဟု သိရသည်။

(မြန်မာ့အလင်း)

အိုလံပစ်နေ့ အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲကို အင်းလျားကန်တွင်ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။ (မြန်မာအလင်း)

ပြန်ကြားရေးဝန်ကြီးဌာနတွင်အသုံးပြုရန်လိုအပ်သော ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ သတင်းစာစက္ကူ များကို ဝယ်ယူလိုပါသည်။

(က)သတင်းစာစက္ကူ(48.8 Gsm) (28¼"/ 34"/ 40" Width) တန် ၁၄၀၀

(ခ) သတင်းစာစက္ကူ (48.8 Gsm)°°(30" Width) တန် ၁၈၀၀

(ဂ) သတင်းစာစက္ကူ (48.8 Gsm)°°(34" Width) တန် ၁၃၅

၂။ တင်ဒါပေးသွင်းမှုကို ၃၀–၆–၂၀၀၄ရက် ၁၆း၃၀နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့
ဖုန်း–၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅

သမ္ပူတာဝါဆိုသကာ်န်း

FAME Diabe-Herb ®

ဆီးချိုကျ ဆေး တောင့်

(U-9) မြေကွက်

Y.E.S.

Basic Spoken English JUNE -14, 21,28
Pre-Intermediate English JUNE - 14,21,28
SAT (I), Intermediate English JUNE - 1, 28
Vocabulary Enrichment Course JUNE-14
Grammar Foundation Course JUNE - 28
AWC, BWC, TOEFL, IELTS, SAT (II)/ AE
No.116, Y.W.C.A Building, Bogalayzay Street, Botataung TSP.
- 245821

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မသီတာစိုး [၁၄/ဟသတ(နိုင်)၀၇၈၃၄၆]သည် မိဘ၏ဆုံးမမှုကို မနာခံဘဲ မိမိသဘော ဆန္ဒအလျောက်ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို(လုံး၀)လုံး၀တာဝန်မယူပါ။

မိခင်–ဒေါ်တင်မေရီ
၁၄/ဟသတ(နိုင်)၁၅၁၂၇၆
ဗိုလ်ချုပ်လမ်း၊ရှားခဲရွာ၊ဟသာ်တမြို့နယ်။

မိုးရာသီအိမ်ရာအရောင်းပွဲတော်

(၁–၆–၂၀၀၄ မှ ၃၀–၆–၂၀၀၄)အတွင်း

“ယုဇနဆောက်လုပ်ရေးအဖွဲ့၏ မွန်မြတ်သောစေတနာ”

(လူတိုင်း လူတိုင်း တိုက်နှင့်ခြံနှင့်နေနိုင်ရမည်)

* အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ၊ တည်ဆောက်ဆဲတိုက်ခန်းများ၊ ဆိုင်ခန်းများ၊ မြေကွက်များ
* လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ သုဝဏ္ဏမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံတောင်/မြောက်မြို့နယ်
* တိုက်ခန်းမျိုးစုံ၊ အထပ်စုံ၊ အရွယ်စုံ Hall Type၊ Room Type
* လူနေခန်းပဲလုပ်လုပ်၊ ရုံးခန်းပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ်၊ ကြိုက်တာလုပ်နိုင်သည့်အခန်းများ

ပွဲတော်ကာလအတွင်း ၂၀ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်း အထိ လျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်။
အမြတ်ခွန်ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူက ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်။
တိုက်ခန်းတန်ဖိုးအနည်းဆုံး ကျပ် ၂၁သိန်းဖြစ်ပါတယ်။

အနယ်နယ် အရပ်ရပ်မှ စဉ်ဆက်မပြတ်ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း။

အရောင်းဌာန – ယုဇနစင်တာ(ရုံးချုပ်)၊ တတိယထပ်၊ အမှတ် ၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇

Student's Companion

ဦးထင်းဝိန်(အေဂျီ-၃၀၆၂၇၆)အား ပေးအပ်ထားသည့်အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းကြောင်းအသိပေးကြေညာခြင်း

ဒေါ်အုန်းမြင့် ၁၂/ဒပန(နိုင်)၀၁၇၃၄၆ အမှတ် ၈၂၊ စွယ်တော်လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့သည် ဦးထင်းဝိန်(အေဂျီ–၃၀၆၂၈၆) အမှတ် ၇၆၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့အား သာကေတမြို့နယ်၊ရှုခင်းသာရပ်ကွက်၊ အဆင့်မြင့်အိမ်ရာစီမံကိန်း(၇)၊ တိုက်အမှတ် (A_{11})၊ အခန်း(၂၀၇)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ပတ်သက်သည့် ကျွန်မ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ကိုယ်စားဆောင်ရွက်ပေးနိုင်ရန်အတွက် ၂၄–၁၂–၂၀၀၃ ရက်က စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်–၇၅၈၂/၂၀၀၃အရ ချုပ်ဆိုလွှဲအပ်ပေးခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ၁၉–၆–၂၀၀၄ရက်(ယနေ့)၌ကြေညာသည့်အချိန်မှစ၍ အပြီးအပိုင် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အုန်းမြင့် ၁၂/ဒပန(နိုင်)၀၁၇၃၄၆။

၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဇွန် ၂၁ရက်၌ စတင်ကျင်းပမည်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ဇွန် ၂၁ ရက်မှစတင်၍ ကျင်းပသွားမည်ဖြစ်ရာ အုပ်စုပွဲစဉ်များ ရေးဆွဲထုတ်ပြန်ထားပြီး ဖြစ်သည်။ ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မူလက ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ရန် ဖြစ်သော်လည်း ပုဂ္ဂလိကအသင်းဖြစ်သည့် မလိခဘောလုံးအသင်း နုတ်ထွက်သွားသဖြင့် ၁၅ သင်းသာ ပါဝင်ခြင်းဖြစ်သည်။

အုပ်စုရေးဆွဲ

ပြိုင်ပွဲဝင် ၁၅ သင်းကို အုပ်စုလေးစုခွဲ၍ ပထမအဆင့် ပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုခွဲထားရာတွင် အုပ်စု(က)၌ စွမ်းအင်အသင်း၊ ဆောက်လုပ်ရေးအသင်း၊ မြို့တော်စည်ပင်အသင်းနှင့် တံခွန်အသင်း၊ အုပ်စု(ခ)၌ ကမ္ဘောဇအသင်း၊ လယ်/ဆည်အသင်း၊ ပတ္တမြားနဂါးအသင်းနှင့် ကာကွယ်ရေးအသင်း၊ အုပ်စု(ဂ)၌ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်း၊ ပို့ဆောင်ရေးအသင်း၊ သစ်တောရေးရာအသင်းနှင့် လယ်ယာထွက်ကုန်အသင်း၊ အုပ်စု(ဃ)၌ တပ်မတော်(ကြည်း)အသင်း၊ စီးပွား/ကူးသန်းအသင်းနှင့် ပြည်ထဲရေးအသင်းတို့ ပါဝင်ကြသည်။

ပွဲစဉ်ဇယား

ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဇွန် ၂၁ ရက်မှစတင်၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ ညနေ ၃ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်သည်။

ပွဲစဉ်ဇယားရေးဆွဲထားရာ ဇွန် ၂၁ရက်တွင် သုဝဏ္ဏကွင်း၌ စွမ်းအင်နှင့် တံခွန်၊ အောင်ဆန်းကွင်း၌ ဆောက်လုပ်ရေးနှင့် မြို့တော်စည်ပင်၊ ဇွန် ၂၂ရက်တွင် သုဝဏ္ဏကွင်း၌ ကမ္ဘောဇနှင့် ကာကွယ်ရေး၊ အောင်ဆန်းကွင်း၌ လယ်/ဆည်နှင့် ပတ္တမြားနဂါး၊ ဇွန် ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ ဘဏ္ဍာ/အခွန်နှင့် လယ်ယာထွက်ကုန်၊ အောင်ဆန်းကွင်း၌ ပို့ဆောင်ရေးနှင့် သစ်တောရေးရာ၊ ဇွန် ၂၄ ရက်တွင် အောင်ဆန်းကွင်း၌ စီးပွား/ကူးသန်းနှင့် ပြည်ထဲရေး၊ ဇွန် ၂၅ ရက်တွင် သုဝဏ္ဏကွင်း၌ မြို့တော်စည်ပင်နှင့် စွမ်းအင်၊ အောင်ဆန်းကွင်း၌ တံခွန်နှင့် ဆောက်လုပ်ရေး၊ ဇွန် ၂၆ ရက်တွင် သုဝဏ္ဏကွင်း၌ ပတ္တမြားနဂါးနှင့် ကမ္ဘောဇ၊ အောင်ဆန်းကွင်း၌ ကာကွယ်ရေးနှင့် လယ်/ဆည်၊ ဇွန် ၂၈ရက်တွင် သုဝဏ္ဏကွင်း၌ သစ်တောရေးရာနှင့် ဘဏ္ဍာ/အခွန်၊ အောင်ဆန်းကွင်း၌ လယ်ယာထွက်ကုန်နှင့် ပို့ဆောင်ရေး၊ ဇွန် ၂၉ ရက်တွင် သုဝဏ္ဏကွင်း၌ ပြည်ထဲရေးနှင့် တပ်မတော်(ကြည်း)၊ ဇွန် ၃၀ ရက်တွင် သုဝဏ္ဏကွင်း၌ စွမ်းအင်နှင့် ဆောက်လုပ်ရေး၊ အောင်ဆန်းကွင်း၌ မြို့တော်စည်ပင်နှင့် တံခွန်၊ ဇူလိုင် ၁ ရက်တွင် သုဝဏ္ဏကွင်း၌ ကမ္ဘောဇနှင့် လယ်/ဆည်၊ အောင်ဆန်းကွင်း၌ ပတ္တမြားနဂါးနှင့် ကာကွယ်ရေး၊ ဇူလိုင် ၂ ရက်တွင် သုဝဏ္ဏကွင်း၌ ဘဏ္ဍာ/အခွန်နှင့် ပို့ဆောင်ရေး၊ အောင်ဆန်းကွင်း၌ သစ်တောရေးရာနှင့် လယ်ယာ/ထွက်ကုန်၊ ဇူလိုင် ၃ ရက်တွင် သုဝဏ္ဏကွင်း၌ တပ်မတော်(ကြည်း)နှင့် စီးပွား/ကူးသန်းတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များကို ဇူလိုင် ၅ ရက်နှင့် ၆ ရက်များတွင် လည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်များကို ဇူလိုင် ၇ ရက်နှင့် ၈ ရက်များတွင်လည်းကောင်း၊ ဗိုလ်လုပွဲကို ဇူလိုင် ၁၀ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်း နှစ်နေရာခွဲ၍ ကျင်းပမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲကို သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-မြန်မာ့အလင်း

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲများ ဇွန်၁၄ ရက်က ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲနှင့် အမှတ်ပေးပြိုင်ပွဲတို့တွင် ဘဏ္ဍာ/အခွန်အသင်း ဗိုလ်စွဲခဲ့ပြီး ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲတွင် စွမ်းအင်အသင်း ဗိုလ်စွဲခဲ့သည်။ ယမန်နှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဘဏ္ဍာ/အခွန်အသင်းက တံခွန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

အကောင်းဆုံးဆုများ

၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် အကောင်းဆုံးဆုများကို ချီးမြှင့်ခဲ့ရာ အကောင်းဆုံးဂိုးသမားဆုကို ရဝေဇင်(တံခွန်)၊ အကောင်းဆုံးနောက်တန်းဆုကို ဌေးအောင် (ကာကွယ်ရေး)၊ အကောင်းဆုံးအလယ်တန်းဆုကို လွင်ဦး(ဘဏ္ဍာ/အခွန်)၊ အကောင်းဆုံးရှေ့တန်းဆုကို ကျော်သီဟ(တံခွန်)၊ အကောင်းဆုံးဘောလုံးသမားဆုကို ကျော်သူရ (ဘဏ္ဍာ/အခွန်)တို့က ရရှိခဲ့ကြသည်။ ပထမရရှိသော ဘဏ္ဍာ/အခွန်အသင်းကို ဆုငွေကျပ်ငါးသိန်းနှင့် ဆုဖလားချီးမြှင့်ခဲ့ပြီး ဒုတိယဆုရရှိသော တံခွန်အသင်းကို ဆုငွေကျပ်သုံးသိန်း ချီးမြှင့်ခဲ့သည်။

အုပ်စုအနေအထား

၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်ရေးဆွဲထားမှုအရ အုပ်စု(က)သည် အုပ်စုကျပ်ဟု ဆိုနိုင်သည်။ ကွင်းပိတ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော စွမ်းအင်အသင်းနှင့် ကွာတားဖိုင်နယ်တက်ရောက်ခဲ့သော ဆောက်လုပ်ရေးတို့ ပါဝင်နေသည်။ မြို့တော်စည်ပင်အသင်းမှာလည်း အသင်းကြီးစာရင်းဝင်ပြီး တံခွန်အသင်းမှာ ယမန်နှစ်ပြိုင်ပွဲက ဒုတိယရခဲ့၍ အုပ်စုတက်ရေး အကြိတ်အနယ် ယှဉ်ပြိုင်ရဖွယ်ရှိသည်။

အုပ်စု(ခ)တွင် ပုဂ္ဂလိကအသင်းများဖြစ်သည့် ကမ္ဘောဇနှင့် ပတ္တမြားနဂါးတို့ ပါဝင်နေပြီး ကာကွယ်ရေးအသင်းအတွက် အုပ်စုချောင်လှသည်။ ကာကွယ်ရေးအသင်း အုပ်စုပထမရနိုင်ပြီး အုပ်စုဒုတိယနေရာကို လယ်/ဆည်၊ ပတ္တမြားနဂါးနှင့် ကမ္ဘောဇတို့လုရမည်ဖြစ်ရာ လယ်/ဆည် အလားအလာ အကောင်းဆုံးဖြစ်နေသည်။

လက်ရှိချန်ပီယံ

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အုပ်စုချောင်ပြီး အုပ်စုပထမရရန်သေချာနေသည်။ အုပ်စု(ဂ)၌ အုပ်စုဒုတိယနေရာကို ပို့ဆောင်ရေး၊ သစ်တောရေးရာနှင့် လယ်ယာ/ထွက်ကုန်တို့ လုရမည်ဖြစ်သည်။ ကွင်းပိတ်ပြိုင်ပွဲ၌ အကြိုဗိုလ်လုပွဲတက်ခဲ့သော ပို့ဆောင်ရေးအသင်း ဒုတိယနေရာ ရနိုင်သည်။

အုပ်စု(ဃ)တွင် မလိခအသင်းမပါဝင်၍ သုံးသင်းသာ ပြိုင်ရမည်ဖြစ်သည်။ စီးပွား/ကူးသန်း အုပ်စုပထမနေရာ သေချာသလောက်ရှိပြီး ပြည်ထဲရေးနှင့် တပ်မတော်(ကြည်း)တို့ အုပ်စုဒုတိယနေရာအတွက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ ပြည်ထဲရေးအသင်း ပို၍အလားအလာ ကောင်းနေပေသည်။ ။ **(မြန်မာ့အလင်း)**

လက်ခံရယူ

၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ဘဏ္ဍာ/အခွန်အသင်းအား အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဆုဖလားပေးအပ်ချီးမြှင့်ရာ အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်နှင့် နည်းပြချုပ် ဦးမြင့်ကြူးတို့က လက်ခံရယူစဉ်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မေ ၂၆ရက်က တောင်ငူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော တောင်ငူ တက္ကသိုလ် လမ်းမကြီးပေါ်ရှိ ကွန်ကရစ်တံတား ပြင်ဆင်နေမှုကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ညောင်လေးပင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်စိုး၊ တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လှိုင်နှင့်အဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မေ ၁၈ ရက်က ဈေးအတွင်း ရေစီးရေလာကောင်းမွန်ရန် ရေမြောင်းဆယ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းတို့အား စုပေါင်းဆောင်ရွက်စဉ်။ (က-ပ)

ဇွန် ၁၃ ရက်က ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ သစ်ပင်စိုက်ပွဲတော်ကို အထက(၂) ကျောင်းဝင်းအတွင်း၌ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာနမှ သစ်ဆိမ့်ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။ (ဝ၅၈)

ကျောင်းအပ်နှံရေးနေ့ ပညာသင်စရိတ်ထောက်ပံ့

ဝါးခယ်မ ဇွန် ၅

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ၂၀၀၄/၂၀၀၅ စာသင်နှစ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ရက်က အထက(၁) ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် မြို့နယ် ပညာရေးမှူး ဒေါ်ညွန့်ညွန့်ရီတို့က အမှာစကားပြောကြားပြီးနောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များက ကျောင်းသုံးစာရေးကိရိယာများနှင့် ပညာသင်စရိတ်များကို ထောက်ပံ့လှူဒါန်းကြရာတာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။ **(၃၇၆)**

မေ ၃၀ ရက် က ကြာအင်းဆိပ်ကြီး မြို့နယ် ကြခတ်ချောင်း လမ်းပေါ်ရှိ မိုင်တိုင် အမှတ် ၃/၀ တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တည်ဆောက်ပြီးစီးသွားသော ၁၆ ပေ × ၁၅ ပေ × ခုနစ်ပေရှိ တံတားကို မြို့နယ် အမှုဆောင်အရာရှိ ဦးစံလွင်အေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစောဟားနေတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံ ပါဒခြေတော်ရာစေတီတန်ဆောင်းတော်ပြုပြင်ရေး ငွေလှူဒါန်း

ဖျာပုံ ဇွန် ၁၄

ရောဝတီတိုင်း ဖျာပုံမြို့နယ် ကြက်ဖမွေးဓောင်းရွာ ဗလသုခကျောင်းတိုက် မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တဥတ္တမကြီးမှူး၍ ပြင်ဆင်လျက်ရှိသော ကျပ်သိန်းသုံးရာကျော်ကုန်ကျမည့် ရှေးဟောင်းသာသနိက အဆောက်အအုံဖြစ်သည့် ပါဒ(ခြေတော်ရာ) စေတီတန်ဆောင်းတော်ကြီး ပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဗလသုခကျောင်းတိုက်ကြီး၌ ဇွန် ၁၁ရက်က ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ရန်ကုန်မြို့နေ ဗိုလ်ကြီးကျင်သောင်း(ငြိမ်း) ဒုညွှန်မှူး စိုက်/မွေးရုံးချုပ် ဒေါ်စိန်စိန်ဝင်းမိသားစုက ကျပ်တစ်သိန်းနှစ်သောင်းနှင့် ခြောက်ပေတစ်ပေခွဲ ကျွန်းတံခါးရွက် ၁၈ချပ်၊ ဦးစံလွင်အားရည်စူး၍ ဒေါ်ကြင်မေမိသားစု၊ ဦးသန်းအောင်- ဒေါ်သန်းစောမိသားစုတို့က ကျပ်နှစ်သိန်းစီ၊ ဦးကျော်ဆွေ-ဒေါ်ကျင်သန်းမိသားစု၊ ဦးတင်ရှိန်-ဒေါ်တင်မြင့်မိသားစု၊ ဦးဟံစိန်အားရည်စူး၍ ဒေါ်သိန်းဟံမိသားစု၊ ဦးတင်လှ-ဒေါ်ပွားမိသားစု၊ ဦးစိုးအောင်-ဒေါ်သန်းသန်းဆင့်မိသားစု၊ ဦးမြင့်ကျော်-ဒေါ်ခင်မာလွင်မိသားစု၊ ဦးငွေးမြင့်-ဒေါ်တင်ရီ မိသားစု၊ ဦးသောင်း-ဒေါ်ကြီးမိသားစု၊ ဦးဝင်းရွှေအားရည်စူး၍ ဒေါ်ပြုံးရီ မိသားစုတို့က ကျပ်တစ်သိန်းရှစ်သောင်းစီ၊ ဦးတင်မောင်ဝင်း- (လ/ထ ညွှန်မှူး စိုက်ကွင်း) ဒေါ်စန်းစန်းဝင်းမိသားစု၊ ဦးဇော်မြင့်သိန်း-ဒေါ်မြင့်မြင့်အေးမိသားစုတို့က ကျပ်တစ်သိန်း ငါးသောင်းစီနှင့် စေတနာရှင် မိသားစု ၂၈၃ဦးတို့က ကျပ်နှစ် ဆယ့်ငါးသိန်းကို ဗလသုခဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

အလှူငွေ လှူဒါန်းလိုသူများသည် ဦးအောင်ဒင်အမှတ်၂၇၁(၁၂)ရပ်ကွက် မိဂသီလမ်း တောင်ဥက္ကလာပ ဖုန်း- ၇၀၇၄၆၄ နှင့် ကြက်ဖမွေးဓောင်းရွာမှတစ်ဆင့် အိမ်မဲကျောင်း မြို့ဦးကျောင်းတိုက် ဖုန်း-၅၆၁၀၀၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇွန် ၁၄ ရက်က သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက် ဘုံပျံပရိယတ္တိ စာသင်တိုက်တွင် သာသနာ့ဝင် စိစစ်ရေးကတ်ပြား ဆက်ကပ်ပွဲ အခမ်းအနား ကျင်းပရာ သန်လျင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းအုန်းက သာသနာဝင် စိစစ်ရေးကတ်ပြား ဆက်ကပ်စဉ်။ (က-ပ)

မေ ၃၀ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့မှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်ဖုန်းနှင့် ပြည်သူများက ကော့ကရိတ်မြို့အဝင် ကျက်သရေဆောင် ဇိနသုခလောကသရဖူ စေတီတော်ရှေ့ လမ်းဘေး ဝဲယာတစ်လျှောက် ပေါင်းမြက်ပင် ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ရေမြောင်းတူးဖော်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။ (၀၂၄)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျေးရွာစာကြည့်တိုက် မြောင်းမြမြို့နယ်၌ဖွင့်လှစ်

မြောင်းမြ ဇွန် ၇

မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အသိပညာ တိုးပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး အတွက် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ ဇွန်၅ရက်က ငှက်ပျောတော ကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြောင်းမြ မြို့နယ်ဦးစီးမှူး ဒေါ်ရီရီလွင်နှင့် ကျေးရွာဥက္ကဋ္ဌတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို သရောဘုန်း၊ မကျည်းချောင်း၊ ကညွတ်ကွင်း၊ ကညင်ဂဲ၊ ထော်ကလို့၊ ငှက်ပျောတောနှင့် သဇင်ကုန်းကြီး ကျေးရွာများတွင် မေလကဖွင့်လှစ်ပြီး ဇွန်လတွင် ကျေးရွာ ၁၈ရွာ၌ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ကြမည်ဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

မေ ၃၀ရက်က မွန်ပြည်နယ်မီးသတ်ဦးစီးဌာန ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင် သားသမီးများအား ၂၀၀၄-၂၀၀၅ပညာသင်နှစ်အတွက် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မော်လမြိုင်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးသိန်းလှိုင်က ကျောင်းသားတစ်ဦးအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်စဉ်။ (၁၆၈)

လက်တွန်းထွန်စက် စက်စွမ်းရည်သရုပ်ပြ

တာချီလိတ် ဇွန် ၈

တာချီလိတ်ခရိုင် မိုင်းကိုး ကျေးရွာအုပ်စု ဟိုရန်းကွင်း အမှတ် (၇) ဦးပိုင်အမှတ် ၄၄၊ ဒေါ်နန်းဟွေ့အင်၏လယ်မြေ ၇ ဒသမ ၈ ဧကတွင် ဇွန် ၆ရက်က လယ်ယာ(၁၆) လက်တွန်းထွန်စက် စက်စွမ်းရည်ပြပွဲနှင့် တာချီလိတ်ခရိုင် ၂၀၀၄ခုနှစ် မိုးစပါး စုပေါင်းမြေပြင်ထွန်ယက်ပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးခင်မောင်ဝင်းက မိုးစပါးစုပေါင်း မြေပြင်ထွန်ယက်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး စက်မှုလယ်ယာ ဦးစီးဌာန ဦးစီးအရာရှိ ဦးအားဂုကလယ်ယာ(၁၆) လက်တွန်းထွန်စက် လက်တွေ့အသုံးချ စွမ်းဆောင်မှု စွမ်းရည်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူများကိုလက်တွန်းထွန်စက်များ လက်တွေ့အသုံးချပုံကို သရုပ်ပြကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မေ ၁၇ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန် နောင်တရားမြို့ သာယာလှပရေး သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မြို့တွင်းလမ်းများ ကတ္တရာခင်းခြင်း၊ လမ်းမကြီးဘေး ပလက်ဖောင်းများ ပြုပြင်ဆောင်ရွက်ခြင်းနှင့် ကျေးလက် ကျောက်ချောလမ်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၂၁-၆-၂၀၀၄ (တနင်္လာနေ့)

- ❑ Application of Maxwell's Equations
  - – တတိယနှစ် သင်္ချာအထူးပြု ကျောင်းသူကျောင်းသားများ
- ❑ Nuclear Binding Energy and Semi-Empirical Mass Formula
  - – တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသူကျောင်းသားများ
- ❑ The Applications of Schroedinger Equation (a) The Potential Barrier (b) The Potential Step
  - – တတိယနှစ် သင်္ချာအထူးပြု ကျောင်းသူကျောင်းသားများ

၂၂-၆-၂၀၀၄ (အင်္ဂါနေ့)

- ❑ Systematic Position and External Features of Mystus Seenghala (Nga-gyaung)
  - – ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသူကျောင်းသားများ
- ❑ Characteristics of the Invertebrates
  - – တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသူကျောင်းသားများ
- ❑ Beneficial and Harmful Insects
  - – တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသူကျောင်းသားများ
- ❑ Digestive System of Rana tigrina
  - - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသူကျောင်းသားများ

၂၃-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ Migration of Fish
  - – တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသူကျောင်းသားများ
- ❑ An Introduction to Educational Psychology
  - - ဘီအီးဒီ (ပထမနှစ် စာပေးစာယူ ကျောင်းသူကျောင်းသားများ)
- ❑ Validity & Reliability
  - - ဘီအီးဒီ (ဒုတိယနှစ် စာပေးစာယူ ကျောင်းသူကျောင်းသားများ)

၂၄-၆-၂၀၀၄ (ကြာသပတေးနေ့)

- ❑ General Methodology
  - - ဘီအီးဒီ (ဒုတိယနှစ် စာပေးစာယူ ကျောင်းသူကျောင်းသားများ)
- ❑ The Home
  - - ဘီအီးဒီ (ပထမနှစ် စာပေးစာယူ ကျောင်းသူကျောင်းသားများ)
- ❑ Key Functions of Management
  - - ဘီအီးဒီ (ဒုတိယနှစ် စာပေးစာယူ ကျောင်းသူကျောင်းသားများ)

၂၅-၆-၂၀၀၄ (သောကြာနေ့)

- ❑ ရှေးဟောင်းမြန်မာမှုရင်းအရေးအသား ကမ္ပည်းစာများ၏ သဘောသဘာဝ
  - – မဟာဝိဇ္ဇာဒုတိယနှစ်အထူးပြုသင်တန်း၊ ပါရဂူအကြိုသင်တန်း၊ ဘာသာစကားအထူးပြုသင်တန်းများ
- ❑ Introduction to Linguistics
  - - အင်္ဂလိပ်စာ ဒီပလိုမာသင်တန်းသားများ
- ❑ An Introduction to Philosophy of Religion
  - - ယင်းဘာသာရပ်၏ အခြေခံအချက်များကို စိတ်ဝင်စားသူများ

နံနက် ၉နာရီမှ ညနေ ၄ နာရီထိ

၂၆-၆-၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၂၇-၆-၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ။

သစ်သီးပင်များကိုင်းကူးကိုင်းဆက်မျိုးပွားနည်း သင်တန်းဖွင့်လှစ်မည်

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေပဒေသာဉယျာဉ် ပညာပေးဌာနအတွင်း သစ်သီးပင်များနှင့် အခြားစိုက်ပျိုးပင်များကို မြေထုတ်စည်းမျိုးပွားနည်း၊ ကိုင်းဖြတ်မျိုးပွားနည်း၊ အဖူးမြှုပ်နှင့် ကိုင်းကူးကိုင်းဆက်မျိုးပွားနည်းများကို စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို အောက်ပါလိပ်စာအတိုင်း ၂၅–၆–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အမြန်ဆုံးဆက်သွယ် စာရင်းပေးသွင်းနိုင်ပါသည်။

စာရင်းပေးသွင်းရန်လိပ်စာ
ခြံမန်နေဂျာရုံး
မြေပဒေသာဉယျာဉ်
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပညာပေးဌာန
ဖုန်း–၅၄၄၇၆၇၊ ၅၄၈၇၃၀၊ ၅၄၄၆၈၃



ဦးသိန်းအောင် (IGU-030954)နှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေ တောင်ရပ်ကွက် ဝေဠုဝန်လမ်းကျယ် စမ်းချောင်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်၂၈–စီ၊ မြေကွက်အမှတ်၈၇၉၊ အိမ်နံပါတ် ၃၂/က၊၂၅ပေ x ပေ၅၀ မြေကွက်ပေါ် အဆောက်အအုံဆောက်လုပ်ရန် မြေရှင်ဦးခင်မောင်လတ်နှင့် ကန်ထရိုက်တာ ဦးသိန်းအောင်တို့ ၂–၂–၁၉၉၇ ရက်တွင် နှစ်ဦးသဘောတူ ကန်ထရိုက်စနစ်ဖြင့် ခြောက်ထပ်တိုက် ဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုခဲ့ပြီး ၄–၂–၁၉၉၇ရက်က ပြန်လည် မရုပ်သိမ်းနိုင်သော အထူးကိုယ်စားလှယ်လွှဲစာ ပေးအပ်ခဲ့ပါသည်။

ကန်ထရိုက်တာ ဦးသိန်းအောင်မှစာချုပ်ပါ ပဋိညာဉ်အတိုင်း ဆောင်ရွက် ပျက်ကွက်သည်မှာ ခုနစ်နှစ်ကျော်ခန့်ရှိပြီးဖြစ်သည့်အပြင် ၎င်းနှင့်ချုပ်ဆိုထားသည့် အထက်ပါစာချုပ်ကို မြေရှင်ဘက်မှ ပယ်ဖျက်ပြီး လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်းကြေညာလိုက်ပါသည်။ ကန်ထရိုက်တာဦးသိန်းအောင်ထံမှ ကြိုတင်၍ အခန်းများ ဝယ်ယူထားခြင်း၊ အခန်းများနှင့်ပတ်သက်သည့် အရှုပ်အရှင်းများကို ကန်ထရိုက်တာ ဦးသိန်းအောင်နှင့်သာဖြေရှင်းပါရန် မြေရှင်မှလုံးဝတာဝန်ယူ ဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မြေပိုင်ရှင် –ဦးခင်မောင်လတ်၊ ဒေါ်မြင့်ကြည်။**

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၉

ဒေါ်မြမြအေး **နှင့်** ၁။ ဒေါ်လှစိန်
၂။ ဒေါ်စောခင်(ကွယ်လွန်သူဦးစံရင်၏ တရားဝင်ကိုယ်စားလှယ်)
၃။ ဒေါ်ရီ
၄။ ဒေါ်ပို(ခ)ဒေါ်လှလှတင်

တရားနိုင် **တရားရှုံးများ**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၀၀/၉၈ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၀၄ခုနှစ် ဇူလိုင်လ ၃၀ရက်နေ့ နံနက်၁၀နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်တစ်ရာလျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချ လိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်နေ့မြောက်သည့် နေ့သည် ရုံးပိတ်ရက် ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ ခုနှစ် ဇွန်လ ၁၆ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ သဃ်န်းကျွန်းလမ်း မြေတိုင်းရပ်ကွက် (၃၄/ဂျီ)၊ မြေကွက်အမှတ် ၃၇–၃၈၊ အကျယ်အဝန်း ဝ.၁၁၅ ဧကရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော မင်းရဲကျော်စွာ စီမံကိန်းအိမ်ရာ တိုက်အမှတ်–အက်စ်စီ

(၁) အခန်းအမှတ် ဝဝ၂ (မြေညီထပ်) ကြမ်းခင်းဈေး ကျပ် သိန်း (၂၀၀)
(၂) အခန်းအမှတ် ၁၀၁ (ပထမထပ်) ကြမ်းခင်းဈေး ကျပ် သိန်း (၁၅၀)
(၃) အခန်းအမှတ် ၁၀၂ (ပထမထပ်) ကြမ်းခင်းဈေး ကျပ် သိန်း (၁၅၀)
(၄) အခန်းအမှတ် ၃၀၁ (တတိယထပ်) ကြမ်းခင်းဈေး ကျပ် သိန်း (၅၀)
(၅) အခန်းအမှတ် ၃၀၂ (တတိယထပ်) ကြမ်းခင်းဈေး ကျပ် သိန်း (၅၀)

အမှတ်စဉ် (၁၊၂၊၃၊၅) ပါ အခန်းများမှာ အခြားသူစိမ်းများ လက်ဝယ်၌ရှိပြီး အမှတ်စဉ် (၄) ပါ အခန်းမှာ အမှတ်(၁)တရားရှုံး ဒေါ်လှစိန်၏ သားသမီးများ လက်ရှိ နေထိုင်လျက်ရှိပါသည်။

သန်းထွန်း
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

C B BANK
CO-OPERATIVE BANK LTD. သမဝါယမဘဏ်လီမိတက်

CONGRATULATIONS !

သမဝါယမဘဏ်လီမိတက် C B BANK အား
အခြေခံဘဏ်အဖြစ်ထားရှိလျက်
သမဝါယမမြင့်တင်ရေးဘဏ်လီမိတက် နှင့်
တောင်သူလယ်သမားများသမဝါယမဘဏ်လီမိတက် တို့က
လာရောက် ပူးပေါင်းပြီး
ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှု အပြည့်အဝပေးနိုင်မည့်
သမဝါယမဘဏ်လီမိတက် C B BANK
(အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်)အဖြစ်
(၁၅–၆–၂၀၀၄) နေ့တွင် ပေါက်ဖွားရှင်သန်လာခြင်းအတွက်
လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်း။

ဦးခင်မျိုးအောင် / မေဘာပုံနှိပ်လုပ်ငန်း
ဦးမင်းလှိုင် / Prestige Media & Printing Services
ဦးဝင်းမြင့်သန်း / White Peak Co., Ltd.
ဦးနေဝင်း / နေဝင်းပုံနှိပ်လုပ်ငန်း
ဒေါ်ကေမြတ်နိုင်၊ ဒေါ်နန်းနွယ်လှိုင် / Future Com.Advertising
ဦးမျိုးသူ / Cozy Snack & Restaurant



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၃၉

ဒေါ်မို့မို့ရှိန် နှင့် ၁။ ကိုသန်းဌေး
တိုက်အမှတ် ၂၂၂၊ အခန်း ၄ — အမှတ် ၄၄၊ သစ္စာလမ်း၊
သစ္စာလမ်းမကြီး၊ ရန်ကင်းလေးလုံးတန်း — တောင်ဥက္ကလာပမြို့နယ်ကြီးရပ်ကွက်၊
(၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် — မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန်မြို့။ ၂။ ဒေါ်ခင်မြင့်စံ
အမှတ် ၅၁၁၊ သိမ်ဖြူလမ်း၊
ကန်တော်ကလေးရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

တရားလို
တရားပြိုင်များ

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၄၄နေ ကိုသန်းဌေးနှင့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ် ၅၁၁နေ၊ ဒေါ်ခင်မြင့်စံ (ယခုလိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ် တရားလိုက ရန်ကုန်တိုင်း (ယခင်) အင်းစိန် (ယခု) မရမ်းကုန်းမြို့နယ် သမိုင်းရပ် အမှတ် (၃) ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အောင်သပြေလမ်းသွယ်၊ ကွင်းအမှတ် (၁၉) အုပ်စုအမှတ် (၂၆) ဦးပိုင်အမှတ် (၂၂) မြေဧရိယာ ၄ဒသမ ၆၈၂ဧက (မြေပိုင်မြေ) အမျိုးအစား၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့် အရပ်ရပ်တို့အား ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဇွန်လ ၂၁ရက် ၁၃၆၆ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ရက် မွန်းမတည့်မီ ၁၀း၀၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်နုတ်၍ တစ်ဖက်သတ် စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။ ၎င်းအပြင် ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဇွန်လ ၇ရက်နေ့တွင် ဤတိုင်းတရားရုံးတံဆိပ်ရိုက်နှိပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

သောင်းထွန်း
တွဲဖက်တိုင်းတရားသူကြီး (၁၂)
ရန်ကုန်တိုင်းတရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၄၄၉၀ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက် အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊(ရန်ကုန်တိုင်း)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ်၊ ၂၇/၂၀၀၄
(၂၀၀၄ ခုနှစ် ဇွန်လ ၁၀ ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	ဦးစီးအရာရှိ	စက်မှုအင်ဂျင်နီယာဘွဲ့	၂၀ နေရာ
(ခ)	ဦးစီးအရာရှိ	လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့	၃ နေရာ
(ဂ)	ဦးစီးအရာရှိ	သတ္တုဗေဒအင်ဂျင်နီယာဘွဲ့	၃ နေရာ
(ဃ)	ဦးစီးအရာရှိ	ဓာတုအင်ဂျင်နီယာဘွဲ့	၂ နေရာ
(င)	ဦးစီးအရာရှိ	ဝါဏိဇ္ဇဘွဲ့ရရှိပြီး လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ	၂ နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၃–၇–၂၀၀၄ နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၃–၇–၂၀၀၄ နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာ ခေါ်ယူသော ရာထူးများသို့ လျှောက်လွှာ တင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး** ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၃–၇–၂၀၀၄ နေ့ အရောက်ပေးပို့ရမည်။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၇–၈–၂၀၀၄ နေ့နှင့် ၈–၈–၂၀၀၄ နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမည်။ ၅–၈–၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (၃၇၈၁၆၃) သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

မွေးနေ့ဆုတောင်း

သားသားလေး **သံလွင်ရဲအောင်** ရဲ့ ၂၀-၆-၂၀၀၄ ရက်နေ့ တစ်နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ထူးချွန်ထက်မြက် လိမ္မာယဉ်ကျေးသော သားကောင်းသားမြတ် ဖြစ်ပါစေ။

ဘိုးဘိုး၊ဘွားဘွားများ
ဖေဖေ- ဦးရဲအောင်
မေမေ- ဒေါ်နှင်းရီ
ဦးဦး၊ဒေါ်ဒေါ်များ။



မြန်မာနိုင်ငံဂီတအစည်းအရုံး

ကမ္ဘာ့ဂီတ မိုးရာသီအထူးသင်တန်းများ

ဖွင့်လှစ်မည်ဖြစ်ပါ၍

ဂစ်တာ၊ အော်ဂင်၊ တယောနှင့်
ဂီတသင်္ကေတ အရေး၊ အဖတ်(အဆို)
တက်ရောက်သင်ကြားလိုသူများ၊ စာရင်းပေးသွင်းနိုင်ပါသည်။
ဆက်သွယ်ရန် – မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)
ဓမ္မဒါနလမ်း၊ နတ်ချောင်းရပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၅၄၅၈၆၂၊ ၅၄၅၈၆၃၊၅၄၉၉၅၆

စားပွဲနှင့်ကုလားထိုင်များ

ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများ တွင် ခေတ်မီပလတ်စတစ် စားပွဲ နှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါ သည်။

နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂



